ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (25-4-2006) (၄၉၃၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရုရှားနိုင်ငံ ကြည်းတပ် ဒုတိယဦးစီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား လက်ခံတွေ့ဆို

ရန်ကုန်   ဧပြီ   ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V.Kabanov နှင့် စစ်သံမှူး Colonel Vladimir I Konchakov တို့လည်း တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ညနေပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဆိုပါရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မြရိပ်ညိုရိပ်ရှိင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror — ယနေ့မိုးလေဝသ (၂၅-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၄-၂၀၀၆
(အင်္ဂါနေ့)

မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများကို တုံ့ပြန်ချေဖျက် ထက်မြက်သည့် မီဒီယာလုပ်ငန်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲလာမှုများက နယ်ပယ်ကဏ္ဍစုံကို လွှမ်းခြုံကြီးစိုးလာမှုများနှင့်အတူ ခေနအင်အား ကြီးမားကွာခြားသော နိုင်ငံကြီးအချို့ကလည်း ယင်းတို့၏ ဩဇာလောင်းရိပ်ကို ချဲ့ထွင်ထူထောင်နေကြောင်း တွေ့ရသည်။

သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့နိုင်ငံအချို့သည် စစ်ရေး၊ စီးပွားရေး၊ နည်းပညာသာလွန်မှုတို့ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းများ ပြုလုပ်လျက်ရှိသကဲ့သို့ မီဒီယာလမ်းကြောင်းမှနေ၍လည်း ၎င်းတို့၏အရှိန်အဝါ ဩဇာလွှမ်းမိုးမှုရရှိစေရန် လုပ်ဆောင်နေကြကြောင်း တွေ့ရမည်ဖြစ်သည်။

ပြည်ပနိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားစေရန် မီဒီယာကိုလက်နက်သဖွယ် အသုံးပြုလျက်ရှိသည်။ အဆိုပါနိုင်ငံကြီးများ၏ မီဒီယာအမျိုးမျိုးမှနေ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲစေရန်နှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်မှု ပျက်ပြားစေရန်အတွက် မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်လွှင့်၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပကတိအေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ တပ်မတော်၊ ပြည်သူနှင့် အစိုးရတို့ တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်ရှိနေမှုတို့ကို မီဒီယာဟုခေါ်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းမှတစ်ဆင့် ပြန်လည်ထုတ်လွှင့်ပြသ ရေးသားကြရမည်ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား ကောဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာပေဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီလ ၂၃ ရက်နေ့က မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **မြဝတီရုပ်မြင်သံကြားနဲ့ မြဝတီ စာပေတိုက်တို့သည် နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးကို သယ်ပိုးရင်း ထက်မြက်မြင့်မားတဲ့ မီဒီယာလုပ်ငန်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးက ချမှတ်ပေးထားတဲ့ ရည်မှန်းချက်တာဝန်တွေကို တိတိကျကျ လိုက်နာပြီး ဂုဏ်သိက္ခာရှိသည့် မီဒီယာလုပ်ငန်းများဖြစ်အောင် ကြိုးစားကြပါ** ဟူ၍ မှာကြားသွားသည်။

ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများနှင့်အတူ မီဒီယာဟုခေါ်သည့် လူထုဆက်သွယ်ရေး ယန္တရားသည် လူထုအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနေရာယူလာသည်ကို တွေ့ရမည်ဖြစ်သည်။ မီဒီယာများတွင် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနှင့် ပညာပေးမှုများ ပြုလုပ်ရာတွင် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းပင် ဖြစ်သည်။

မြဝတီရုပ်မြင်သံကြားသည် ပြည်သူတစ်ရပ်လုံး စိတ်ချမ်းသာပျော်ရွှင်ရေးနှင့် မှန်ကန်သည့်သတင်းအချက်အလက်များ အချိန်မီသိရှိစေရေးအတွက် ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် ပြန်ကြားပေးရန်ဟူသည့် တာဝန်များကို အောင်မြင်စွာ စွမ်းဆောင်လာခဲ့သည်မှာ (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထုနှင့် အရင်းနှီးဆုံးမီဒီယာဖြစ်သည့် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းတို့အနေဖြင့် ပြည်ပနိုင်ငံကြီးအချို့၏ မဟုတ်မမှန် လုပ်ကြံဖန်တီးထုတ်လွှင့်နေမှုများကို တုံ့ပြန်ချေဖျက်ရင်း နိုင်ငံနှင့် ပြည်သူ့အကျိုးပြု အစီအစဉ်များ ဆက်လက်ထုတ်လွှင့်ရေးသားခြင်းဖြင့် ထက်မြက်သည့် မီဒီယာလုပ်ငန်းဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်နိုင်ငံ Information Industry ဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Xudong နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းတည့် ၁၂နာရီတွင် နေပြည်တော်မြို့တော် ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ကျော်ကျော်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာကွမ်မုလည်း တက်ရောက်သည်။

ပူးပေါင်းဆောင်ရွက်

ထို့သို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြသည်။(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong အား နေပြည်တော်မြို့တော် ပေါင်းလောင်းရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wong Xudong အား နေပြည်တော် မြို့တော် ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏စေတနာကို ကောင်းမွန်မြင့်မြတ်သောစိတ်ထားဖြင့် တုံ့ပြန်ကြစေလို

ခြင်ကျား(မအူပင်)

၂၀၀၆ခုနှစ် ဧပြီလ ၁ရက်နေ့ကစတင်ပြီး နိုင်ငံတော်အစိုးရက ဝန်ထမ်းတွေကို ထိုက်ထိုက်တန်တန် လစာတိုးမြှင့်ပေးမယ်ဆိုတဲ့ သတင်းဟာ မြန်မာ့နှစ်ဦးကာလရဲ့ မင်္ဂလာသတင်းပါပဲဗျာ။ ဝန်ထမ်းမဟုတ်တဲ့ စာရေးသူတို့ပင် ဒီလိုခံစားရရင် နိုင်ငံတော်က တိုးမြှင့်လစာကို ခံစားကြရတော့မယ့် ဝန်ထမ်းတွေဟာ ပိုပြီး ဝမ်းသာကြည်နူးကြလိမ့်မယ်လို့ ယူဆမိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာကို အလေးမူတန်ဖိုးထားပြီး နိုင်ငံတော်ရဲ့ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်ဗျာ။

ဝန်ထမ်းတွေရဲ့လက်ထဲကို တိုးမြှင့်လစာ မရောက်သေးမီမှာ စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းဈေးနှုန်းတွေ အဆမတန်မြင့်တက်လာတယ်။ နယ်က ဈေးသည်တွေ မြို့မှာ စားသုံးဆီ တက်ဝယ်ကြတာကို မြို့က ကုန်သည်တွေက လိုသလောက်မရောင်းဘဲ ခွဲတမ်းချရောင်းတာလဲ တွေ့ရပါတယ်။ မနက်က တက်ဈေးနဲ့ဝယ်လို့ရတဲ့ အချို့ပစ္စည်းတွေဟာ နေ့လယ်သွားဝယ်ရင် ကုန်သွားပြီလို့ဆိုတဲ့ အသံလဲကြားရပါတယ်။ ရွှေဆိုင်တွေက ဆိုင်ပိတ်ပြီး ဘုရားဖူးရက်ရှည်ထွက်မယ်ဆိုပြီး ပြောနေကြသံကိုလဲ ကြားခဲ့ရပါတယ်။

ဆန်တစ်ပြည် နှစ်ကျပ်ခွဲကာလက ဆူဆူပူပူဖြစ်ခဲ့ကြသူတွေဟာ ဆန်တစ်ပြည် ငါးရာကျပ်ဝန်းကျင်မှာ အစားအသောက် မပျက်ခဲ့ကြဘူး။ ဒါဟာလဲ နိုင်ငံတော်အစိုးရရဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုကြောင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာလို့ပဲဖြစ်ပါတယ်။ ကုန်သည်တွေကလဲ ဈေးကွက်စီးပွားရေးကာလဖြစ်လို့ ဈေးနှုန်းကန့်သတ်မှုတွေ၊ အတားအဆီးအပိတ်အပင်တွေ မရှိနိုင်ဘူးဆိုပြီး ရမယ်ရှာ ကုန်ဈေးနှုန်းတက်စေတာကလဲ စားသုံးသူတွေရဲ့ကျောမှာ အရှိုးရာထပ်နေပါပြီဗျာ။

ကောလာဟလထုတ်လွှင့်ပြီး ကုန်ဈေးနှုန်းတက်တာ၊ ရာသီဥတုကို လက်ညှိုးထိုးပြီး ကုန်ဈေးနှုန်းတက်တာ၊ ကမ္ဘာ့အခြေအနေနဲ့ မြန်မာ့အခြေအနေကိုညှိနှိုင်းပြီး ကုန်ဈေးနှုန်းတက်တာ၊ ပြီးတော့ပြီးတာပဲလို့ လွယ်လွယ်ပြောလိုက်ပေမယ့် ကုန်သည်တွေကတော့ အကျိုးအမြတ် တနင့်တပိုး ရသွားကြပါတယ်။ အကြောင်းပြချက်တစ်ခုကြောင့် တက်လာတဲ့ ကုန်ဈေးနှုန်းဟာ အကြောင်းပြချက် ရှင်းပြီးတော့လည်း ဆက်မတက်တော့ဘဲ တန့်သွားတာပဲ တွေ့ရတယ်။ မူလဈေးနှုန်းကို ပြန်မကျဘဲ တက်ဈေးဟာ ကြမ်းခင်းဈေးဖြစ်သွားပါတယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ကြတဲ့ နိုင်ငံဖြစ်တာကြောင့် ဘာသာ၊ သာသနာ အဆုံးအမနဲ့ ယှဉ်တဲ့စကားတွေကို စပ်မိတုန်း ပြောလိုပါတယ်။ ဗုဒ္ဓဘုရားရှင်က "သမ္မာအာဇီဝ" ဆိုတဲ့ ကောင်းစွာ အသက်မွေးဝမ်းကျောင်းကြဖို့ လူသားတွေကို ဆုံးမလေ့ရှိတယ်။

သင်္ဂြိုဟ်မှာ သမ္မာအာဇီဝ စေတသိက်ဟာ ကုသိုလ်စိတ်ရှစ်ခုနဲ့ အကုသိုလ်စိတ် ရှစ်ခုဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။ ကုသိုလ်စိတ်ရှစ်ခုကတော့ သူ့အသက်ကို မသတ်တဲ့ အသက်မွေးဝမ်းကျောင်းခြင်း၊ သူတစ်ပါးဥစ္စာကို မခိုးယူတဲ့ အသက်မွေးဝမ်းကျောင်းခြင်း၊ သူများသားမယားကို မကျူးလွန်တဲ့ အသက်မွေးဝမ်းကျောင်းခြင်း၊ မုသားစကားဖြင့် အသက်မွေးဝမ်းကျောင်းမှု မပြုခြင်းဆိုတဲ့ ကာယကံသုစရိုက် လေးခု။ သိမ်ဖျင်းတဲ့စကား၊ ကြမ်းတမ်းတဲ့စကား၊ အကျိုးမဲ့တဲ့စကားတွေနဲ့ အသက်မွေးဝမ်းကျောင်းမှုမပြုတဲ့ ဝစီသုစရိုက် သုံးခု။ ကုသိုလ်စိတ်ခုနစ်ခုထဲက တစ်ခုနဲ့ ရောင်းဝယ်ဖောက်ကားစားရင် "သမ္မာအာဇီဝ" ကောင်းတဲ့ အသက်မွေးဝမ်းကျောင်းစိတ် ရှစ်ခုဖြစ်သွားပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့နိုင်ငံတိုင်းက ဝန်ထမ်းတွေဟာ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းစွာနေကြရပါတယ်။ နိုင်ငံတော်ကိုယ်စားပြုမယ့် အစိုးရတိုင်းအပေါ် ဝန်ထမ်းတိုင်းက သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်ကြရပါလိမ့်မယ်။ ဝန်ထမ်းတိုင်းဟာ နိုင်ငံတော်အစိုးရရဲ့ တိုးမြှင့်လစာကို ခံစားပြီး နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ရှိရှိ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

အကုသိုလ်စိတ် ရှစ်ခုကတော့ ကုသိုလ်စိတ်နဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။

ဒီနေ့ ကုန်ဈေးနှုန်းမတည်ငြိမ်အောင် လုပ်ဆောင်နေကြသူတွေဟာ သမ္မာအာဇီဝနဲ့ ဆန့်ကျင်တဲ့သူတွေပဲ ဖြစ်ပါတယ်။

အခုလဲ နိုင်ငံ့ဝန်ထမ်းတွေ လစာတိုးမြှင့်ခံစားရတော့မယ်ဆိုတဲ့ သတင်းကို ခုတုံးလုပ်ပြီး ကုန်ဈေးနှုန်းတက်စေတာဟာ မလုပ်သင့် မလုပ်ထိုက်တဲ့လုပ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် အချို့သော ကုန်သည်တွေအပိုင်းကလည်း သမ္မာအာဇီဝနဲ့အညီ ဝန်ထမ်းတွေလစာ တိုးမြှင့်ခံစားရတာကို ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားကြဖို့လိုပါတယ်။

နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းတွေကို ထိုက်ထိုက်တန်တန် လစာတိုးမြှင့်ခံစားဖို့ ချီးမြှင့်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းတွေဘက်ကလဲ နိုင်ငံ့တာဝန်ကို ဆတက်ထမ်းပိုးတိုးပြီး ထမ်းဆောင်သင့်ပါတယ်။

နိုင်ငံတော်က ချီးမြှင့်တဲ့ လစာရိက္ခာကို စားသုံးပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်တာဟာ သမ္မာအာဇီဝ ကောင်းတဲ့အသက်မွေးဝမ်းကျောင်းခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ချမှတ်ဖော်ဆောင်နေတဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ကိုယ်အား၊ ဉာဏ်အား၊ ဝီရိယအား စိုက်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်လာရင် နိုင်ငံတော်ဟာ တိုးတက်ဖွံ့ဖြိုးမှု လျင်မြန်လာမယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ခံစားသင့်ခံစားထိုက်တဲ့ လစာရိက္ခာတွေ တိုးမြှင့်ခံစားရမှာ ဖြစ်ပါတယ်။

တပ်မတော်အစိုးရက ပြည်သူအများ လိုလားတောင့်တတဲ့ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်ပေးခဲ့ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ချီတက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ ပထမဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပလာခဲ့တာ အတော်ခရီးပေါက်ခဲ့ပြီးဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့နိုင်ငံတိုင်းက ဝန်ထမ်းတွေဟာ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းစွာနေကြရပါတယ်။ နိုင်ငံတော် ကိုယ်စားပြုမယ့် အစိုးရတိုင်းအပေါ် ဝန်ထမ်းတိုင်းက သစ္စာရှိရှိ တာဝန်သိသိ ထမ်းဆောင်ကြရပါလိမ့်မယ်။ ဝန်ထမ်းတိုင်းဟာ နိုင်ငံတော် အစိုးရရဲ့ တိုးမြှင့်လစာကို ခံစားပြီး နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ရှိရှိ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ကုန်သည်များကလဲ **"လူနှင့်လက်နက်၊ ကြက်ဝက်ယစ်မျိုး၊ အဆိပ်ဆိုးဟု၊ ကောင်းကျိုးမရ၊ အပါယ်ကျသော၊ ဝါဏိဇ္ဇငါး၊ မရောင်းစားဘဲ၊ ခုနစ်ပါးဒုစရိုက်၊ ကြဉ်ဖယ်လိုက်၍၊ အမြိုက်ဘူမိ၊ ရောက်ကြောင်းရှိသော၊ သုစရိုကျင့်၊ စိတ်ကောင်းမြှင့်လျက်၊ သင့်တင့်ညီစွာ၊ ကုန်သွယ်ပါလျှင်၊ မိစ္ဆာဇီဝါ၊ ကင်းလွတ်ပါလျက်၊ သမ္မာဇီဝါ၊ ပြည့်စုံပါသည်"** ဟူသော လင်္ကာအတိုင်း သမ္မာဇီဝကောင်းတဲ့ အသက်မွေးမှုနှင့် ကျင့်ကြံကုန်သွယ်ကြဖို့ လိုပါတယ်။

ဒါကြောင့် မြန်မာ့နှစ်သစ်ကာလမှာ နိုင်ငံတော်က ဝန်ထမ်းတွေကို လစာတိုးမြှင့်ပေးတဲ့ မင်္ဂလာသတင်းကောင်းကို ကုန်သည်တွေရော ဝန်ထမ်းတွေပါ ကောင်းမွန်မြင့်မြတ်သော စိတ်ထားဖြင့် ကြိုဆိုကြပါစို့လားခင်ဗျာ။ ။

လန်ဒန်မြို့မှ ဒေါက်တာခင်သက်မော်နှင့် မောင်ဖြစ်သူ ဒေါက်တာမြင့်ဝင်းတို့ကိုယ်စား ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)၊ ဇနီး ဒေါ်အေးအေးစိုးနှင့် ကိုအောင်အောင် မိသားစုတို့က ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ပရဟိတ ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်အတွက် တစ်ထပ်စာ ငွေကျပ်သိန်း ၁၆၀ ကို ဧပြီ ၂၂ ရက်က လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားကြီးကျောင်းတိုက် သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တသူရိယ၏ သက်တော်(၈၄) နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လေးမျက်နှာမြို့ အထကနှင့် အလက အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၄

လေးမျက်နှာမြို့ အထက၊ အလက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃၀ရက် မွန်းလွဲ ၁နာရီတွင် လေးမျက်နှာမြို့သစ် အထကကျောင်း ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ၎င်း အထက၊ အလကကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသော ဦးကြိုင်ဝင်း၊ ဦးလှိုင်အေး၊ ဦးစိုးလေး၊ ဦးတင်ဝင်းတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅	၈။	ခါသကြန်အဆိုအကများ
၇:၅၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၂	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၅။	ခါသကြန်အဆိုအကများ
၄:၂၀	၆။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၉။	မျိုးချစ်တပ်မတော်
၅:၁၀	၁၀။	ပညာခေတ်
၅:၃၀	၁၁။	ခါသကြန်အဆိုအကများ
၅:၄၅	၁၂။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	နိုင်ငံတကာသတင်း
၆:၂၀	၁၅။	မိုးလေဝသသတင်း
၆:၂၅	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၇။	လျှပ်တစ်ပြက်
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" အပိုင်း(၁၉)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	ကျန်းမာသုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" အပိုင်း(၂၄)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ

နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးမှုခင်း တားဆီးရေး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများ သဘောတူညီ

ပေကျင်း ဧပြီ ၂၃

နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းများတားဆီးကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် တားဆီးဆောင်ရွက်နိုင်စေရန် အထူးအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်သွားမည်ဖြစ်ကြောင်း ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) အဖွဲ့ဝင်နိုင်ငံများက သောကြာနေ့တွင် သဘောတူညီလိုက်ကြသည်။

နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းသို့ မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းအတွက် ကြိုတင်ဆောင်ရွက်ရာတွင် သတင်းအချက်အလက်အပြန်အလှန် ဖလှယ်နိုင်စေရန် အထူးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားရန်လိုအပ်ကြောင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက ပြောကြားကြသည်။

ကျင်းပ

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ကိုယ်စားလှယ်များသည် နယ်စပ်ဒေသမူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို မြို့တော်ပေကျင်းတွင် ကျင်းပခဲ့ကြသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲသို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ အပြင် ပါကစ္စတန်ကဲ့သို့သော လေ့လာသူအဆင့်အတန်းရရှိထားသော နိုင်ငံများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

ရေသောက်မြစ်

မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်ရောင်းဝယ်သူများထံ ဘဏ္ဍာငွေများ မရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ်ရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေနိုင်သော ဆေးဝါး ထုတ်လုပ်ခြင်းနှင့် သယ်ဆောင်ရောင်းဝယ်ခြင်းတို့သည် နိုင်ငံတကာ အကြမ်းဖက် အုပ်စုများထံ ဘဏ္ဍာငွေကြေးများ ရောက်ရှိစေနိုင်သော အဓိက ရေသောက်မြစ်အဖြစ် ရှုမြင်ရကြောင်း ကိုယ်စားလှယ်များက ပြောကြားသည်။

ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း တစ်ရပ်အဖြစ် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်တွင် ထူထောင်ခဲ့သည်။ ယင်းအဖွဲ့၏ ရည်ရွယ်ချက်များတွင် ဒေသဆိုင်ရာ လုံခြုံရေးကို မြှင့်တင်ပေးနိုင်ရန်နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရန်တို့ ပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါဒေသရှိ သတ္တုမိုင်းတွင်းတစ်နေရာကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်တူရကီဆက်ဆံရေးမြှင့်တင်မည်

အန်ကာရာ ဧပြီ ၂၃

တူရကီနိုင်ငံသို့ အလည်အပတ် ရောက်ရှိလျက်ရှိသည့် တရုတ်နိုင်ငံတော်ကောင်စီဝင် ဟူကျန်မင်းနှင့် တူရကီ ဒုတိယဝန်ကြီးချုပ် မီမက်အလီဆာဟင်းတို့သည် နှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍ အများအပြား၌ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် သောကြာနေ့တွင် သန္နိဋ္ဌာန်ချမှတ်လိုက်သည်။

တရုတ်နိုင်ငံနှင့် တူရကီနိုင်ငံတို့၏ ဆက်ဆံရေးမှာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတည်းက ချောမွေ့စွာ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း ဟူက ပြောကြားသည်။ နှစ်နိုင်ငံသည် နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှု၊ စီးပွားရေးအရ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုနှင့် ကျယ်ပြောသော ပူးပေါင်းဆောင်ရွက်မှုတို့ကို ရခဲ့ကြပြီးဖြစ်သည်။ တူရကီနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်မှုကို တရုတ်နိုင်ငံက အလေးထားကြောင်း ဟူက ပြောကြားသည်။ တရုတ်နိုင်ငံသည် တူရကီနိုင်ငံနှင့်အတူ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများဆောင်ရွက်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုက်ပရပ်နိုင်ငံအလယ်ပိုင်း ဆီရီအရပ်တွင် တူးဖော်တွေ့ရှိခဲ့သည့် အေဒီ ၅၀၀ ခန့်က ရှေးဟောင်းဥမင်တစ်ခုကို သုတေသနပညာရှင်တစ်ဦး ဧပြီ ၂၂ ရက်က လေ့လာနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ကနေဒါတပ်ဖွဲ့ဝင်လေးဦး သေဆုံး

ကဘူး ဧပြီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ စနေနေ့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကနေဒါတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း ကနေဒါစစ်ဘက်ဌာနက ပြောကြားသည်။

ကနေဒါစစ်ယာဉ်တစ်စီးသည် ကန်ဒါဟာပြည်နယ် ရှာဝါလီကော့ခရိုင်တွင် ကင်းလှည့်နေစဉ် ဒေသစံတော်ချိန် နံနက် ၇ နာရီ (ဂရင်းနစ်စံတော်ချိန် ၁ နာရီ)တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ကနေဒါတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကွင်တင်းအင်းနစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ရသည့် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဟောနက်စ်မြို့တွင် ဆူပါခရော့စ် မော်တော်ဆိုင်ကယ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြိုင်ပွဲဝင်တစ်ဦး လေ့ကျင့်နေသည်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးရေး အင်ဒိုနီးရှား၌ အိုင်စီတီလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်

ဂျကာတာ (မလေးရှား) ဧပြီ ၂၃

အင်ဒိုနီးရှားအစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာစေရန် မြှင့်တင်အားပေးသည့်အနေဖြင့် အိုင်စီတီလုပ်ငန်းစီမံကိန်းနှစ်ခုကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လောလောဆယ် အကောင်အထည်ဖော်လျက်ရှိသော နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာ စီမံကိန်းနှစ်ရပ်အရ ပြည်သူများသည် အိုင်စီတီဝန်ဆောင်လုပ်ငန်းများနှင့် ပိုမိုထိတွေ့လာနိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားအစိုးရက အကောင်အထည်ဖော်လျက်ရှိသော အိုင်စီတီစီမံကိန်းတစ်ရပ်အရ ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ အင်ဒိုနီးရှားနိုင်ငံရှိ ကျေးရွာများအားလုံးတွင် တယ်လီဖုန်းများတပ်ဆင်နိုင်မည်ဟု မျှော်လင့်ရသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ကျေးရွာပေါင်း ၆၆၇၇၈ အနက် ကျေးရွာ ၄၃၀၂၂ ရွာ၌ တယ်လီဖုန်း တပ်ဆင်ထားခြင်း မရှိပေ။

လက်ရှိအကောင်အထည်ဖော်နေသော အိုင်စီတီစီမံကိန်းအရ နိုင်ငံတစ်ဝန်းရှိ ကျေးရွာများတွင် တယ်လီဖုန်းရရှိလာမည်ဖြစ်ကြောင်း၊ အနည်းဆုံး ရွာတစ်ရွာတွင် တယ်လီဖုန်းတစ်လုံးရှိမည်ဖြစ်ကြောင်း ဝေးလံသီခေါင်သော ဒေသများနှင့် ကျေးလက်ဒေသများမှ ပြည်သူများသည် အလွယ်တကူ ဆက်သွယ်နိုင်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

သီရိလင်္ကာသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမြင့်တက်

ကိုလံဘို ဧပြီ ၂၃

သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ယခုနှစ် ပထမသုံးလပတ် ကာလအတွင်း ၁၅၉၆၆၄ ဦးရှိပြီး ယမန်နှစ်အလားတူကာလထက် ၂၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အိုင်းလင်းသတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

ဥရောပတိုက်မှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ ဇန်နဝါရီလမှ မတ်လအထိ ကာလတွင် ၁၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သီရိလင်္ကာ ခရီးသွား လုပ်ငန်း၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။ သီရိလင်္ကာအစိုးရသည် ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၆၀၀၀၀၀ လာရောက်မည်ဟု မျှော်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီသီယိုးပီးယား၌ လက်နက်များ သိမ်းဆည်းရမိ

အဒစ်အဘာဘာ ဧပြီ ၂၃

အီသီယိုးပီးယားနိုင်ငံ ရဲတပ်ဖွဲ့သည် မြို့တော်အဒစ်အဘာဘာ၌ ရှောင်တခင်ရှာဖွေစစ်ဆေးမှုများ ဆက်တိုက်ဆောင်ရွက်ခဲ့ရာ တရားမဝင် လက်နက်အချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း စနေနေ့တွင် ကြေညာသည်။

မြို့တော်အဒစ်အဘာဘာမြို့တွင်း နေရာအနှံ့ ရှောင်တခင်ရှာဖွေစစ်ဆေးခဲ့ရာ ပစ္စတိုသေနတ် ၁၅ လက်၊ ကာလာရှနီကော့ဗ်သေနတ်တစ်လက်နှင့် သေနတ်ကျည်ဆန် အမြောက်အမြားကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယ ရုပ်မြင်သံကြားဈေးကွက် ရုတ်ခြည်းပြောင်းလဲလာ

နယူးဒေလီ ဧပြီ ၂၄

အိန္ဒိယနိုင်ငံ၏ ရုပ်မြင်သံကြားဈေးကွက်သည် လွန်ခဲ့သည့် နှစ်အနည်းငယ်ကာလမှစ၍ ရုတ်ခြည်းပြောင်းလဲသွားကြောင်း၊ ရုပ်မြင်သံကြားဖမ်းစက်သည် အိန္ဒိယနိုင်ငံတွင် ဇိမ်ခံပစ္စည်းမဟုတ်တော့ကြောင်း၊ အိန္ဒိယနိုင်ငံရှိ နေအိမ်ဖြေသန်းကျော်တွင် ကေဘယ်လ် သို့မဟုတ် ဂြိုဟ်တုရုပ်မြင်သံကြားစက်ပိုင်ဆိုင်ကြကြောင်း ဧပြီ ၂၂ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုက အိန္ဒိယနိုင်ငံတွင် နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနတစ်ခုတည်းသာရှိခဲ့သော်လည်း ယနေ့ကာလတွင် ပုဂ္ဂလိကပိုင် ရုပ်မြင်သံကြားလုပ်ငန်း ၃၀ ကျော်အထိ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က အိန္ဒိယနိုင်ငံတွင် ရုပ်မြင်သံကြားပြစက်သည် ဇိမ်ခံပစ္စည်းတစ်မျိုးဖြစ်ခဲ့သော်လည်း ယခုအခါအိန္ဒိယနိုင်ငံတွင် အိမ်ထောင်စု ၅၃ ရာခိုင်နှုန်းခန့်တွင် ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးထက်မနည်းရှိလာပြီဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ဝါဆီလာမြို့ ကောင်း ကင် တွင် လေယာဉ်ငယ်နှစ်စင်းတိုက်မိကာပျက်ကျခဲ့ ပြီးနောက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သက်တမ်းအရင့်ဆုံး ရေခဲနမူနာများဖြင့် ရာသီဥတုပုံစံပြောင်းလဲပုံကို လေ့လာမည်

တိုကျို ဧပြီ ၂၄

ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး ရေခဲနမူနာများကို ကမ္ဘာ့တောင်ဝင်ရိုးစွန်းဒေသမှ တူးဖော်ရရှိခဲ့ကြောင်း၊ ယင်းရေခဲနမူနာများကို လေ့လာခြင်းဖြင့် အနာဂတ်ကာလတွင် ကမ္ဘာ့ရာသီဥတုပုံစံများ မည်သို့မည်ပုံပြောင်းလဲလာမည်ကို ဟောကိန်းထုတ်နိုင်မည်ဖြစ်ကြောင်း ဂျပန် သိပ္ပံပညာရှင်များက ဧပြီ ၂၂ရက်တွင် ပြောကြားသည်။

သုတေသီများသည် အန္တာတိကဒေသ၌ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပြီး ကမ္ဘာပေါ်တွင် ကာလသက်တမ်းအရင့်ဆုံး ရေခဲအဖြစ် ယူဆရသည့် ရေခဲပြင်မှ နမူနာများကို စုဆောင်းရယူခဲ့ကြောင်း ပညာရှင်များက ပြောကြားသည်။

ဂျပန်သိပ္ပံပညာရှင်များ စုဆောင်းရယူခဲ့သော ရေခဲနမူနာမှာ နှစ်ပေါင်း သက်တမ်းရှည်သည်ဟု ခန့်မှန်းရသည်။ သိပ္ပံပညာရှင်များသည် တောင်ဝင်ရိုးစွန်းဒေသရှိ နေရာအမျိုးမျိုးတွင် တူးဖော်မှုများ ပြုလုပ်ကာ မြေအောက် ရေခဲပြင်လွှာအတွင်းမှ ရေခဲအချို့ကို နမူနာပစ္စည်းအဖြစ် စုဆောင်းရယူခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်း တစ်သန်းခန့်က ကျရောက်ခဲ့သော ဆီးနှင်းများဖြင့် ဖွဲ့စည်းထားသော ရေခဲအတွင်းလွှာမှ ရေခဲများကို မိမိတို့ တူးဖော်ရရှိခဲ့ကြောင်း ဝင်ရိုးစွန်းဒေသ သုတေသနသိပ္ပံ လေ့လာရေးအဖွဲ့ ခေါင်းဆောင် မိုတိုယာမက ပြောကြားသည်။

ဂျပန်သိပ္ပံပညာရှင်များသည် မိမိတို့ ရှာဖွေတွေ့ရှိခဲ့သော ရေခဲနမူနာပစ္စည်းများကို အပူချိန် အနုတ် ၂၀ ဒီဂရီဆဲလ်စီးယပ်စ်ရှိ အခန်းတစ်ခန်းတွင် သိုလှောင်ထားရှိသည်။

မိမိတို့သည် ကမ္ဘာ့ရာသီဥတု အပူချိန် ပြောင်းလဲလာပုံများကို လေ့လာရာတွင် ဤရေခဲ နမူနာပစ္စည်းများက အထောက်အကူ ပေးလိမ့်မည်ဖြစ်ကြောင်း မိုတိုယာမက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ရန်ပုံငွေရရှိရန် ကြက်ခြေနီအဖွဲ့ချုပ် ပန်ကြား

ဂျီနီဗာ ဧပြီ ၂၃

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြက်ခြေနီ စေတနာ့ဝန်ထမ်းများကို လေ့ကျင့် သင်တန်းများပေးနိုင်ရန် ဆွစ်ဖရန့်ခ်ငွေ ၁၇ ဒသမ ၄သန်း (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ သန်း) ထောက်ပံ့ကူညီကြပါရန် ကမ္ဘာ့နိုင်ငံများအား ကြက်ခြေနီအဖွဲ့ချုပ်က ပန်ကြားထားကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြထားသည်။

အကယ်၍ အိပ်ချ်-၅ အင်န်-၁ ဗိုင်းရပ်စ်ရောဂါပိုးသည် လူသားများအတွင်း ကူးစက်ပျံ့နှံ့လာပါက အာဖရိကတိုက် အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့ရှိ နိုင်ငံများသည် အထိအနာဆုံးဒေသများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရသည့် အကြောင်းမှာ ယင်းဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှာ ပြည့်စုံမှုမရှိသောကြောင့်ဖြစ်ကြောင်း နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ချုပ်က ပြောကြားသည်။

လူသားများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းတွင် ကြက်ခြေနီအဖွဲ့နှင့် လခြမ်းနီအဖွဲ့များသည် ရှေ့တန်းမှ ပါဝင်လာကြမည်ဟု ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ကုလသမဂ္ဂ ညှိနှိုင်းရေးမှူး ဒေးဗစ်နာဘာရို အပါအဝင် ကျွမ်းကျင်ပညာရှင်များက ထုတ်ဖော်ပြောကြားကြောင်း ကြက်ခြေနီအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစ္စရေးနိုင်ငံ ပင်လယ်သေဒေသအတွင်း ကျက်စားသွားလာနေကြသော ကန္တာရ ဆိတ်ရိုင်းတစ်အုပ်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

ကူဝိတ်နိုင်ငံအတွင်းသို့ ဆေးခြောက်တင်သွင်းမှု ကန်လုပ်ငန်းရှင် သုံးဦးကို ဖမ်းဆီး

အာရီဂျန် (ကူဝိတ်) ဧပြီ ၂၄

စာပို့တိုက်လုပ်ငန်းကိုအသုံးပြုကာ ကူဝိတ်နိုင်ငံအတွင်းသို့ ဆေးခြောက်မှောင်ခိုတင်သွင်းသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ကူဝိတ် အာဏာပိုင်များသည် အမေရိကန်တပ်ဖွဲ့အတွက် လုပ်ကိုင်ပေးနေသော အရပ်သားလုပ်ငန်းရှင်သုံးဦးကို ဆေးခြောက်မှောင်ခိုမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ကူဝိတ်နိုင်ငံတောင်ပိုင်းတွင် ဆေးခြောက်ရောင်းချမှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးကို ဖမ်းဆီးလိုက်သည်ဆိုသောသတင်း ကူဝိတ်နိုင်ငံတွင် ထုတ်ဝေသည့် သတင်းစာများ၌ ရေးသားဖော်ပြခဲ့ပြီးနောက် အမေရိကန်ကြည်းတပ်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အဖမ်းခံရသော အမျိုးသားသုံးဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များမဟုတ်ကြောင်း အမေရိကန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အဖမ်းခံရသူသုံးဦးမှာ ကူဝိတ်ရှိ အမေရိကန်တပ်ဖွဲ့အတွက် လုပ်ငန်းကန်ထရိုက်ရရှိထားသော ကုမ္ပဏီတစ်ခုမှ အရပ်သားကန်ထရိုက်လုပ်ငန်းရှင် အမေရိကန်နိုင်ငံသားများဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တင်ပြ

မူးယစ်ဆေးဝါးမှောင်ခိုရောင်းချမှုဖြင့် အဖမ်းခံရသူများက ၎င်းတို့၏ လုပ်ရပ်ကို ဖြောင့်ချက်ပေးပြောကြားခဲ့ကြောင်း အာရပ်တိုင်းမ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။ ယခုအခါ ယင်းမူးယစ်ဆေးဝါးမှောင်ခိုမှုကို ရုံးတင်စစ်ဆေးနိုင်ရန် ကူဝိတ်ရှိ အစိုးရရှေ့နေများထံ တင်ပြထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များပင်ဖြစ်စေ၊ အမေရိကန်တပ်ဖွဲ့အတွက် အလုပ်လုပ်ကိုင်နေသော အရပ်သားကန်ထရိုက် လုပ်ငန်းရှင်များပင်ဖြစ်စေ ပြစ်မှုကျူးလွန်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများက အရေးယူအပြစ်ပေးရမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း ဂျီနိုဝန်မြို့ရှိ အမေရိကန်မရိန်းတပ်ဖွဲ့၏ လေတပ်စခန်းကို ဧပြီ ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အအိပ်မက်သူကြောင့် မီးသတ်နှင့်ရဲတို့ အလုပ်ရှုပ်ကြရ

ဗျူရင်ဘတ် ဧပြီ ၂၃

ဂျာမနီနိုင်ငံ ဗျူရင်ဘတ်မြို့မှ အမျိုးသားတစ်ဦးသည် ၎င်း၏အမျိုးသမီးအဖော်နှင့် တယ်လီဖုန်းစကားပြောနေစဉ် ရုတ်တရက်တစ်မေးမျှ အိပ်ပျော်သွားခဲ့သည်။ တစ်ဖက်မှ အမျိုးသမီးက အကြိမ်ကြိမ် ခေါ်သော်လည်း တစ်ဖက်မှပြန်မဖြေသဖြင့် အစိုးရိမ်လွန်ကာ ရဲတပ်ဖွဲ့နှင့် မီးသတ်ဌာနသို့ ဆက်သွယ်၍ အကူအညီတောင်းခဲ့သည့်အတွက် သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များသည် ထိုအမျိုးသား နေထိုင်ရာ အိမ်သို့ အပြေးအလွှား သွားရောက်ခဲ့ကြသည်။

ဥဩသံများဆူညံပြီး အချက်ပြမီး တဖျပ်ဖျပ်လက်နေသော ရဲကားနှင့် မီးသတ်ကားများ ထိုအိမ် အနီးရောက်သွားချိန်တွင် အမျိုးသားမှာ အိပ်ချင်မူးတူးဖြင့် ပြတင်းပေါက် ဖွင့်ကြည့်နေသည်ကို မြင်တွေ့ရ၍ အကူအညီပေးရန် ရောက်ရှိလာသူများမှာ ၎င်းအားထက် ရယ်အားသန်ရ သည့် အဖြစ်မျိုးနှင့် ကြုံကြရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

မန္တလေးတိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း

ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင်အလှူငွေ၊ ပစ္စည်းများနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင်အလှူငွေ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ ကက်ဆက်၊ ပရိဘောဂနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ(၁)၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင်အလှူငွေ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်၊ ပရိဘောဂနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင်အလှူငွေများ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ ကက်ဆက်၊ ပရိဘောဂ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တိုင်းအတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများတွင် (e-Library) ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ် ၃၁၉ သိန်းတန်ဖိုးရှိ ကွန်ပျူတာ ၆၂ လုံးနှင့် စီဒီရွှမ်ချပ်ရေ ၁၅၅၁၀၊ ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင် ကျပ်သိန်း ၃၀ ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ကလည်းကောင်း၊ ငွေပဒေသာပင် ကျပ် ၁၀ သိန်းကို တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက လည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ငွေပဒေသာပင် ကျပ်သုံးသိန်းနှင့် စာအုပ်မျိုးစုံ ၁၀၁ အုပ်ကို လည်းကောင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပညာရပ်မျိုးစုံ စာအုပ် စာစောင် ၁၄၀၉၀၀ အုပ်ကို တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းကလည်းကောင်း၊ မိတ္ထီလာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်က ငွေပဒေသာပင် ကျပ်လေးသိန်းကို လည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀၁ အုပ်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ် စာစောင် ၅၄၀၀ နှင့် အလှူရှင်အသီးသီးမှ စာအုပ် စာစောင်မျိုးစုံ ၄၅၉၈၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကျေးရွာစာကြည့်တိုက်များအတွက် အလှူငွေများကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများ၏ (e-Library)များတွင် အသုံးပြုရန် ငွေကျပ် ၁၅၈ သိန်းတန်ဖိုးရှိ ကွန်ပျူတာ ၃၁ လုံးနှင့် စီဒီရွှမ် ချပ်ရေ ၁၅၅၀ ကို တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးထံလည်းကောင်း၊ မြင်းခြံခရိုင် စာကြည့်တိုက်အတွက် ၁၄ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို ရပ်ကွက်ဥက္ကဋ္ဌ ဦးချစ်သန်းကလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကြာနီကန် ကျေးရွာ စာကြည့်တိုက်အတွက် ၁၄ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို ကျေးရွာဥက္ကဋ္ဌ ဦးတင်စိုးကလည်းကောင်း၊ အမရပူရမြို့နယ် ဘနော ကျေးရွာ စာကြည့်တိုက်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်ကလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် နဂါးစာကြည့်တိုက်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို ရွှေကုန်သည် ဦးဝင်းဦးကလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက် စာကြည့်တိုက်အတွက် ၁၄ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို ဦးကျော်ငြိမ်းကလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသီဟ စာကြည့်တိုက်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို ချမ်းမြသာစည် ဗိုလ်ချုပ်စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၀ ကို အလှူရှင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ် မိုးဟိန်းကိုယ်စား ဦးသိန်းဝင်းကလည်းကောင်း၊ ဒုတိယရဲမှူးလှဝင်း မိသားစုက တံတားဦးမြို့နယ် ပေါက်မြိုင် စာကြည့်တိုက် ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်မှ ဦးကျော်ဆန်းက စာကြည့်တိုက် အဆောက်အအုံတန်ဖိုးကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ချမ်းမြသီဟ စာကြည့်တိုက်အတွက် ကျပ် ၁၂ သိန်းကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်းကလည်းကောင်း၊ အမရပူရမြို့နယ် ကျေးရွာ စာကြည့်တိုက်များအတွက် ကျပ် ၂၅၀၀၀ တန်ဖိုးရှိ ဗီရိုအလုံး ၂၀ နှင့် ငွေကျပ်ငါးသိန်း တန်ဖိုးရှိ ပရိဘောဂများကို အလှူရှင် ဦးမြင့်ဝေကလည်းကောင်း၊ အောင်မြေသာစံမြို့နယ် ပုံနှိပ်လုပ်ငန်းရှင်များက ရုပ်မြင်သံကြားပြစက် တစ်လုံးကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်တောင်ရပ်ကွက်မှ ဦးတင်ရွှေကလည်းကောင်း လှူဒါန်းကြရာ အလှူရှင်များကိုယ်စား ကြာနီကန်ကျေးရွာဥက္ကဋ္ဌ ဦးတင်စိုးကလည်းကောင်း၊ မြင်းခြံခရိုင် ကျေးရွာ စာကြည့်တိုက်များအတွက် ၁၄ လက်မ ရုပ်မြင်သံကြားပြစက် လေးလုံးကို အလှူရှင်များကိုယ်စား မြင်းခြံခရိုင် ဦးစီးအရာရှိ ဦးတင်အောင်ညွန့်ကလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက် လေးလုံးကို အလှူရှင်များကိုယ်စား ဒေါ်တင်လှလှဌေး (စံကျူရီဘော်ဒါဆောင်)ကလည်းကောင်း၊ ညောင်ဦးခရိုင် ကျေးရွာ စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက် ၁၂ လုံးကို ညောင်ဦးခရိုင် ဦးစီးအရာရှိ ဒေါ်တင်မြလွင်ကလည်းကောင်း၊ ဦးမြင့်ဆွေ မိသားစုက ရေဒီယို နှစ်လုံး၊ ချမ်းအေးသာစံမြို့နယ် (Media World) ပုံနှိပ်လုပ်ငန်းမှ ရေဒီယိုငါးလုံး၊ ဦးအောင်နိုင် (လင်းမိတ္တူ)က ရေဒီယို နှစ်လုံး၊ အမရပူရမြို့နယ် ဦးမြင့်သိန်း-ဒေါ်အေးအေးဆွေ မိသားစုက ရေဒီယို တစ်လုံးနှင့် ပုသိမ်ကြီးမြို့နယ် အလှူရှင်များက ရေဒီယို ငါးလုံးတို့ကို အလှူရှင်များကိုယ်စား ဒေါ်အေးအေးဆွေက ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးမောင်ဖေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မန္တလေးတိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေပဒေသာပင် အလှူငွေ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်၊ ပရိဘောဂနှင့် စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့လှူဒါန်းသော ပစ္စည်းနှင့် ငွေပဒေသာပင် တန်ဖိုးမှာ စုစုပေါင်း ငွေကျပ် ၇၄၂ သိန်းကျော်ဖြစ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဧည့်သည်တော်များက မန္တလေးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်နိုင်မှု မှတ်တမ်းဓာတ်ပုံနှင့် လှူဒါန်းကြသော ပစ္စည်းများ၊ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဧပြီ ၂၄

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ရေတပ်စခန်းဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို မေ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ် ဒုတိယဦးစီးချုပ် Colonel General Moltenskoi Vladimir I ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်ဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်သည် ဧပြီ ၂၇ ရက် ညတွင် ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးကြီးရှိ မြန်မာမန်းဂရု(ဖ်) ဦးတီတိုး-ဒေါ်နန်းအိအိစံတို့၏ ဓမ္မပူဇာသဘင်၊ ဧပြီ ၂၉၊ ၃၀ ရက် ညများတွင် ရွှေပြည်သာမြို့နယ် (တ/၁၅) ရပ်ကွက် မင်္ဂလာမဏ္ဍပ်၊ မေ ၁ ရက်ညတွင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အောက်ရေကံကုန်းရွာ မင်္ဂလာမဏ္ဍပ်၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားတော်မူမည်ဖြစ်သဖြင့် တရားနာယူလိုသူများ ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ပေါက်စေတီကျောင်းတိုက် အထူးတရားပွဲများ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်တွင် ပေါက်စေတီ ဆရာတော်ကြီး၏ သြဝါဒကိုခံယူလျက် အထူးတရားပွဲများကို ကျင်းပလျက်ရှိရာ ဧပြီ ၂၃ ရက်တွင် ဓမ္မဒူတအရှင်သံဝရ (ပေါက်စေတီ)နှင့် ဧပြီ ၂၄ ရက်တွင် အရှင် ပညာသီဟာဘိဝံသ (ပေါက်စေတီ)တို့က ဟောကြားပြသခဲ့ပြီး ဧပြီ ၂၅ ရက်တွင် ဓမ္မဒူတအရှင်သုမန (ပေါက်စေတီ)နှင့် ဧပြီ ၂၆ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (မှော်ဘီ) အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှ စ၍ တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဝါလာဘီ သားပိုက်ကောင်၏ နို့ရည် ပဋိဇီဝဆေးတစ်မျိုးသဖွယ် သုံးနိုင်

အစွမ်းထက်သော နို့ရည်ထွက်သည့် ဝါလာဘီ သားပိုက်ကောင်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကင်ဘာရာ ဧပြီ ၂၄

သြစတြေးလျနိုင်ငံတွင် ပေါက်ဖွားသည့် ဝါလာဘီခေါ် သားပိုက်ကောင် အငယ်တစ်မျိုးမှရရှိသော နို့ရည်သည် ပဋိဇီဝဆေးဝါးများကို ခံနိုင်ရည်ရှိသော ဘက်တီးရီးယား ရောဂါပိုးမွှားများအား သေစေနိုင်သည်ကို သိပ္ပံပညာရှင်တစ်စုက စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းများထွက်ပေါ်လာသည်။

ဝါလာဘီ သားပိုက်ကောင်ငယ်မှ ရရှိသော နို့ရည်သည် ရောဂါပိုးမွှားများကို နှိမ်နင်းရာတွင် လက်ရှိအသုံးပြုနေကြသော ပဋိဇီဝဆေးဝါးတစ်မျိုးဖြစ်သည့် ပင်နီဆီလင်ဆေးထက် အဆ ၁၀၀ မက ပိုမိုအစွမ်းထက်သည်ဟု ဆိုသည်။

ထိုအချက်များကို ဗစ်တိုးရီးယား စက်မှုလုပ်ငန်းဆိုင်ရာဌာနမှ သုတေသီများက လေ့လာစူးစမ်းမှုပြုလုပ်ရာမှ ရှာဖွေတွေ့ရှိကြခြင်းဖြစ်သည်။ ဝါလာဘီနို့ရည်သည် အီကိုလိုင်းရောဂါပိုး၊ ဆယ်မိုနီလာရောဂါပိုး စသည့် ပိုးမွှားများနှင့် ဖန်ဂျိုင်းခေါ် မှိုပိုးများကို သုတ်သင်ရာ၌လည်း ထိရောက်ကြောင်း တွေ့ရသည်ဟု ဆိုသည်။

သုတေသနအဖွဲ့၏ ခေါင်းဆောင်မှာ ဒေါက်တာဘင်ကွတ်ဖြစ်သည်။ ယခုတွေ့ရှိချက်များသည် လူနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားသောရောဂါများကို ကုသရာ၌ များစွာထိရောက်မှုရှိလာနိုင်သည့် အလားအလာများ တွေ့ရသည်ဟု ဒေါက်တာကွတ်က ပြောကြားသည်။

ဝါလာဘီနို့ရည်သည် မည်သည့် ဘက်တီးရီးယားများကို သုတ်သင်ရာ၌ အသုံးဝင်သည်၊ ထိုနို့ရည်၏ ဓာတုဗေဒဖွဲ့စည်းမှု မည်သို့ရှိသည်၊ ရောဂါပိုးမွှားများကို နှိမ်နင်းရာ၌ မည်မျှထိရောက်နိုင်သည် စသော အချက်အလက်ပေါင်း များစွာကို မိမိတို့ လေ့လာတွေ့ရှိထားသည်ဟု ဒေါက်တာကွတ်က ပြောကြားခဲ့သည်။

မွေးခါစ ဝါလာဘီကောင်လေးများသည် ရောဂါပိုးမွှားဒဏ်ကို ခံနိုင်သော သတ္တိမရှိကြပေ။ ထိုသတ္တဝါငယ်ကလေးများသည် သဘာဝတွင် ရောဂါပိုးမွှားများဒဏ် ခံနိုင်ရန်အတွက် အမိနို့ရည်တစ်မျိုးတည်းအပေါ်တွင်သာ လုံးလုံးလျားလျား အားကိုးနေရကြောင်း သိရှိရသည်။ ထိုအာနိသင်ကို လူ့ကျန်းမာရေးအကျိုးအတွက် သုံးစွဲနိုင်ရန် အလားအလာရှိသည်မှန်သော်လည်း ယင်းကို ဆေးဝါးအဖြစ် သုံးလျှင် လူသားများအပေါ်တွင် အန္တရာယ်ရှိ၊ မရှိ လေ့လာသွားရန် လိုအပ်နေသေးကြောင်း သိရသည်။

အင်တာနက်။

ဓမ္မဗျူဟာသင်တန်းမှူး ချီးကျူးဂုဏ်ပြုမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၆)ရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်းမှ သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)အား ဓမ္မဗျူဟာ သာသနမာမကအဖွဲ့က ချီးကျူးဂုဏ်ပြုပွဲကို ဧပြီ ၂၉ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ (ဟောင်း/သစ်)များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

အမေရိကန်သမ္မတ၏ ပါကစ္စတန် ခရီးစဉ်အတွင်း လုံခြုံရေးကြောင့် အရန်လေယာဉ်ကို အိန္ဒိယတွင် ရပ်နားခဲ့ရ

ထူးထူးခြားခြား အင်တာနက်သတင်းများ

နယူးဒေလီ ဧပြီ ၂၄

လွန်ခဲ့သော မတ်လအတွင်း အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ပါကစ္စတန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ်က အမေရိကန်လုံခြုံရေးတပ်ဖွဲ့များသည် သမ္မတ၏ လုံခြုံရေးအတွက် လွန်စွာစိုးရိမ်သဖြင့် သမ္မတအသုံးပြုမည့် အရန်လေယာဉ်တစ်စင်းကို အိန္ဒိယနိုင်ငံ နယူးဒေလီလေဆိပ်တွင် ရပ်နားကာ အသင့်ထားရှိခဲ့သည်ဟု မကြာမီက ထုတ်ဝေသော အိန္ဒိယစစ်ရေးမဟာဗျူဟာ စာစောင်တွင် ဖော်ပြထားသည်။

ထိုစဉ်က အမေရိကန်သမ္မတ အသုံးပြုသောလေယာဉ်မှာ ဘိုးရင်း ၇၄၇ လေယာဉ် အမျိုးအစားဖြစ်သည်။ အရန်လေယာဉ်အဖြစ် အသုံးပြုသောလေယာဉ်မှာလည်း သမ္မတ အမှန်တကယ်အသုံးပြုသော အဲယားဖို့စ်ဝမ်းလေယာဉ်နှင့် တစ်မျိုးတစ်စားတည်းဖြစ်ကြောင်း သိရသည်။

သမ္မတ၏ လေယာဉ် ပါကစ္စတန်နိုင်ငံ ချာကလာလာ လေတပ်အခြေစိုက်စခန်း၌ ရပ်နားထားစဉ် အရန်လေယာဉ် အဲယားဖို့စ်ဝမ်း-ဘီကို နယူးဒေလီလေဆိပ်၌ ညအိပ်ရပ်နားထားခဲ့ကြောင်း အိန္ဒိယစာစောင်က ရေးသားခဲ့သည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ သမ္မတအသုံးပြုမည့် လေယာဉ်နှစ်စင်းစလုံးကို ချာကလာလာ လေဆိပ်တွင် ရပ်နားထားပါက လုံခြုံရေးအတွက် စိတ်မချရဟု ယူဆကြသောကြောင့်ဖြစ်နိုင်သည်ဟု သုံးသပ်ထားသည်။

အဲယားဖို့စ်ဝမ်း လေယာဉ်၏ အနေအထားကို ဂြိုဟ်တုမှ မပြတ်စောင့်ကြည့်ခြင်း၊ ဂျက်တား ကင်းထောက်လေယာဉ်၊ တိုက်လေယာဉ်စသည့် အကာအကွယ်များဖြင့် လိုက်ပါစောင့်ရှောက်မှု ပေးခဲ့ကြောင်း သိရသည်။ ထိုခရီးစဉ်သည် အမေရိကန်သမ္မတ ဘုရှ်အတွက် အန္တရာယ်အများဆုံးခရီးစဉ်ပင် ဖြစ်သည်ဟု ယူအက်စ်အေတူဒေးစာစောင်က ရေးသားဖော်ပြခဲ့သည်။

အင်တာနက်

အဲယားဖို့စ်ဝမ်း ဘိုးရင်း ၇၄၇ လေယာဉ်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၄-၄-၂၀၀၆)

ချောက်၊ မုံရွာ၊ မင်းဘူး၊ စစ်တွေနှင့် ညောင်ဦး

၄၂ ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ပခုက္ကူနှင့် မြင်းခြံ

၄၁ ဒီဂရီစင်တီဂရိတ်

(၁၀၆ ဒီဂရီဖာရင်ဟိုက်)

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံ(ချောက်) ကမ္ပည်းကျောက်စာတိုင်နှင့် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စက်ရုံ၏စက်ပစ္စည်းကိရိယာများအပြင် ထုတ်လုပ်မှုဖြစ်စဉ်၌ အသုံးပြုသည့် ဓာတုပစ္စ... ကနဦးကုန်ကျငွေနှင့် နှစ်စဉ်ကုန်ကျငွေတို့ကို သေချာစွာတွက်ချက်ပြီး ငွေကြေးစီမံခန့်ခွဲမှု စနစ်...

❍ **ကျောဖုံးမှ**

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြသည်။

မကွေးတိုင်း ချောက်မြို့နယ် ရေတွင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ (ချောက်)ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီ ၁၀မိနစ်တွင် အဆိုပါစက်ရုံ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံ(ချောက်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ကမ္ပည်းကျောက်စာတိုင်နှင့် စက်ရုံဆိုင်းဘုတ်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ချောက်-လမ်းရွာ ရေနံမြေတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စက်ရုံဝန်ထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Machinery Complete Equipment Engineering Corporation (CMCC) မှ မစ္စ လူဒန်းလီတို့က တစ်နေ့ တန် ၃၀

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးများက ကမ္ပည်းကျောက်စာတိုင်နှင့် စက်ရုံဆိုင်းဘုတ်တို့ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CMCC မှ ပညာရှင်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ သဘာဝဓာတ်ငွေ့မှ ဟိုက်ဒရိုဂျင်နှင့် လေမှ အောက်ဆီဂျင်ကိုရယူပြီး ဓာတ်ကူပစ္စည်းများဖြင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် (H_2O_2)ထုတ်လုပ်သည့် ပင်မစက်ရုံ (Main Unit)ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး Main Unit မှ နေ၍ ပင်မပစ္စည်းသိုလှောင်ရုံ Finished Product Warehouse, Product Storage နှင့် ဆက်စပ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် Main Unit နှင့် H_2 Plant တို့အတွက် ကုန်ချောထုတ်လုပ်သည့် ဓာတ်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံညှော်ခန်းမ၌ ဝန်ကြီး ဦးအောင်သောင်းက စက်ရုံ၏ တည်နေရာ၊ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဟိုက်ဒရိုဂျင်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)နှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အောက်ဆိုဒ် အသုံးပြုနိုင်သည့် နည်းလ...
အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း...

ဆက်လက်၍ မြန်မာ့စက္ကူနှင့် ဓာ... ရေးမှူး ဦးညွန့်အောင်က ဟိုက်ဒရိုဂျင်ပ... အခြေအနေ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ... စက်ရုံများ၏ ဟိုက်ဒရိုဂျင်ပါအောက်ဆ... ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ၊ C... Equipment Engineering Corpora... ဆောက်မှု၊ စက်ရုံအတွက် သွင်းအားစုလို...

ထို့နောက် နိုင်ငံတော်ဝန်ကြီးချု... တန်ဖိုးတို့နှင့်စပ်လျဉ်း၍ စက်ရုံ၏ စက်ပ... ဖြစ်စဉ်၌ အသုံးပြုသည့် ဓာတုပစ္စ... (Initial Cost)နှင့် နှစ်စဉ် ကုန်ကျငွေ... တွက်ချက်ပြီး ငွေကြေးစီမံခန့်ခွဲမှုကို... အသုံးစရိတ်နှင့် ဝင်ငွေအချိုး(Operatin... ဆောင်ရွက်ရန် မှာကြားသည်။

ဂါရဝပြု...

ထို့နောက် နိုင်ငံတော် ဝန်ကြီးချု... CMCC ဥက္ကဋ္ဌ Mr. Lin Gang က ... လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က တ... နီယာများအား သစ်သီးခြင်းလက်ဆော...

အဆိုပါ ဟိုက်ဒရိုဂျင်ပါအောက်... ချည်ထည်များအရောင်ချွတ်ရာတွင် ဈေ... ဈေးနှုန်းကြီးစွာပေးနေရသည့် သွင်းကုန်... နေထိုင်ရေးအတွက် အထောက်အကူဖြစ်... ကာကွယ်နိုင်ရန်၊ ဒေသခံပြည်သူများ၏... ရရှိရန်၊ ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်... ဂျင်ပါအောက်ဆိုဒ် သုံးစွဲသော ... အထောက်အကူပြုစေရန်ဆိုသည့် ရည်... ဖြစ်သည်။



အောက်ဆိုဒ် အသုံးပြုနိုင်သည့် နည်းလမ်းများ၊ စက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ တည်ဆောက်မှုအခြေအနေ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ထုတ်လုပ်မှုနည်းစဉ်များ၊ ပြည်တွင်းရှိစက်ရုံများ၏ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် တစ်နေ့လိုအပ်ချက်နှင့် စက်ရုံမှ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ၊ China Machinery Complete Equipment Engineering Corporationမှ စက်ပစ္စည်းတင်သွင်း တည်ဆောက်မှု၊ စက်ရုံအတွက် သွင်းအားစုလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုတန်ဖိုးတို့နှင့်စပ်လျဉ်း၍ စက်ရုံ၏ စက်ပစ္စည်းကိရိယာများအပြင် ထုတ်လုပ်မှုဖြစ်စဉ်၌ အသုံးပြုသည့် ဓာတုပစ္စည်းများအတွက် ကနဦးကုန်ကျငွေ (Initial Cost)နှင့် နှစ်စဉ် ကုန်ကျငွေ (Annual Cost)တို့ကို သေချာစွာ တွက်ချက်ပြီး ငွေကြေးစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်ရန်နှင့် အသုံးစရိတ်နှင့် ဝင်ငွေအချိုး (Operating Ratio)တွက်ခြေကိုက်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ဂါရဝပြုပေးအပ်

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CMCC ဥက္ကဋ္ဌ Mr. Lin Gang က စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CMCC မှ ပညာရှင်များနှင့်အတူ စက်ရုံဖွင့်ပွဲမင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

...သုံးပြုသည့် ဓာတုပစ္စည်းများအတွက် ...ငွေကြေးစီမံခန့်ခွဲမှု စနစ်တကျဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာများအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

အဆိုပါ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံကို စက္ကူပျော့ဖတ်များနှင့် ချည်ထည်များအရောင်ချွတ်ရာတွင် ဈေးသက်သာစွာ သုံးစွဲရန်၊ နိုင်ငံခြားမှ ဈေးနှုန်းကြီးစွာပေးနေရသည့် သွင်းကုန်အစားထိုးရန်၊ ကျန်းမာစွာ စားသောက်နေထိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်နိုင်ရန်၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် သုံးစွဲသော ဓာတုဗေဒစက်ရုံများ တိုးပွားလာရေး အထောက်အကူပြုစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

သုံးစွဲနိုင်

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက္ကူပျော့ဖတ်နှင့် ချည်ထည်များ အရောင်ချွတ်ခြင်း၊ စွန့်ပစ်ရေ သန့်စင်မှုတွင် သုံးစွဲခြင်း၊ Vitimin BI Injection, Prothionamide (TB ဆေး)၊ Dexamethasone, Cortisone(ဖောရောင်ကျဆေး)၊ Pesticide(ပိုးသတ်ဆေး) စသည့် ဆေးဝါးများ ထုတ်လုပ်ရာတွင်သုံးစွဲခြင်း၊ အစားအသောက်များ၊ အသားများ၊ ဟင်းသီးဟင်းရွက်များ ဆေးကြောရာ၌ သုံးစွဲခြင်း၊ အလှပြင်ဆိုင်များ၌ သုံးစွဲခြင်းနှင့် ဆီ၊ ဆီခဲ၊ ဖယောင်း၊ သားရေ၊ ကော်၊ သိုးမွေး၊ ဆေးရွက်ကြီးစသည်တို့ကို အရောင်ချွတ်ရာတွင် သုံးစွဲခြင်းတို့ ပြုလုပ်နိုင်ကြောင်းသိရသည်။

ရွှေပုံတောင်သို့ ရောက်ရှိ

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ချောက်မြို့နယ် ရွှေပုံတောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်-လမ်းရွာ ရေနံမြေ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မြန်မာနိုင်ငံအတွင်း၌ ကုန်းတွင်းပိုင်းနှင့်ကမ်းလွန်တို့၌ ခိုအောင်းနေသော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ တည်ရှိမှု၊ ခေတ်အဆက်ဆက် ထုတ်လုပ်ခဲ့မှုနှင့် ဆက်လက် တည်ရှိနေသေးသည့် သယံဇာတများ အခြေအနေ၊ ကမ်းလွန်တွင် နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှုအခြေအနေ၊ ထုတ်လုပ်ဆဲကုန်းတွင်း ရေနံသိုက်များတွင် နည်းပညာသစ်များ အသုံးပြုပြီး ရေနံတိုးတက်ထုတ်လုပ်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဘူမိဗေဒအရာရှိချုပ် ဦးမြင့်ဦးက ချောက်-လမ်းရွာ ရေနံမြေ၏ တည်နေရာ၊ နောက်ခံသမိုင်းအကျဉ်းချုပ်၊ လက်ရှိရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီနှင့် နည်းပညာသစ်များအသုံးပြုပြီး ရေနံတိုးတက်ထွက်ရှိရေးနှင့် တိုးချဲ့ထုတ်လုပ်ရေးအတွက် စမ်းသပ်ဆောင်ရွက်နေမှုနှင့် ရေနံရှာဖွေရေး တွင်းသစ်တစ်တွင်း တူးဖော်ရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က သိလိုသည်များ မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေနံထုတ်လုပ်မှုကြည့်ရှု

ထို့နောက် ချောက်-လမ်းရွာ ရေနံမြေအတွင်းရှိ အနက်ပေ ၃၁၅၀ရှိ တစ်နေ့ပျမ်းမျှထွက်နှုန်း ရေနံ ၁၀စည် ထွက်ရှိသည့် တွင်းအမှတ်(၁၀၁၀)၏ ရေနံထုတ်လုပ်နေမှုကို လည်းကောင်း၊ ရေနံတွင်းတူးမှုအပြင် တွင်းပြုပြင်မှုပါ ဆောင်ရွက်နိုင်သော LMP ရေနံတွင်းတူးစက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြေအောက်သို့ ပန့်ထည့်သွင်းသည့် စနစ်ဖြင့် အနက် ၁၇၈၅ပေမှ ရေနံထုတ်ယူနေသည့် တွင်းအမှတ်(၇၀၃)၏ ရေနံထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချောက်-လမ်းရွာ ရေနံမြေအတွင်း ရေနံထုတ်လုပ်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)

ထို့နောက် ချောက်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)သို့ ရောက်ရှိကြသည်။

စက်ရုံ ရှင်းလင်းခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံချက်စက်ရုံများ၏ ကုန်ထုတ်လုပ်မှု အခြေအနေများ၊ အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)၏ သက်တမ်းမှာ နှစ်(၅၀) ကျော်ပြီဖြစ်သော်လည်း နိုင်ငံခြားငွေ ခြိုးခြံချွေတာသောအားဖြင့် စက်ရုံမှ ဝန်ထမ်းများ၏ တီထွင်ကြိုးပမ်းအားထုတ်မှုဖြင့် စက်ရုံလည်ပတ်နိုင်မှုနှင့် ရေနံချက်လုပ်နိုင်မှု အခြေအနေ၊ ဝန်ထမ်းအင်အား အခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က စက်ရုံ၏ ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု၊ ကုန်ထုတ်လုပ်မှုဖြစ်စဉ်၊ စက်ရုံ၏ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေ၊ စက်ရုံမှ ထွက်ရှိသည့် ရေနံထွက်ပစ္စည်းများကို နိုင်ငံအဝန်းဖြန့်ဖြူးပေးနေမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံများအားလုံး ပေါင်းစု၍သော်လည်းကောင်း၊ စက်ရုံတစ်ရုံချင်းအတွက်သော်လည်းကောင်း အသုံးစရိတ်နှင့် ဝင်ငွေအချိုး (Operating Ratio) ကိုက်ညီအောင် စနစ်တကျ စာရင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ တည်ဆောက်ခြင်းရည်ရွယ်ချက်

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံကို စက္ကူပျော့ဖတ်များနှင့် ချည်ထည်များ အရောင်ချွတ်ရာတွင် ဈေးသက်သာစွာသုံးစွဲရန်၊ နိုင်ငံခြားမှ ဈေးနှုန်းကြီးစွာပေးနေရသည့် သွင်းကုန်အစားထိုးရန်၊ ကျန်းမာစွာ စားသောက်နေထိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်နိုင်ရန်၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ ဒေသဖွံ့ဖြိုးပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် သုံးစွဲသော ဓာတုဗေဒစက်ရုံများ တိုးပွားလာရေး အထောက်အကူပြုစေရန်။

25-4)09.P65 1 1/1/32, 7:22 AM

ကြက်ငှက်တုပ်ကွေးရောဂါ ကန့်သတ်ထိန်းချုပ်နယ်မြေများ ဧပြီလမကုန်မီ ပြန်လည်ရုပ်သိမ်း၍ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်ရန်စီစဉ်နေ

ရောဂါကျရောက်မှုနှင့် ထိန်းချုပ်မှု

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ၁၃မြို့နယ်တွင် ၂၀၀၆ခုနှစ် မတ်လဆန်းမှစ၍ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သဖြင့် ကြက်မွေးမြူရေးခြံ ၄၀၈ ခြံနှင့် ငုံးမွေးမြူရေးခြံ ၁၃၇ ခြံတို့မှ ကြက် ၉၂၀၆ ကောင် သေဆုံးပြီး ကြက်ကောင်ရေ ၃ ဒသမ ၃ သိန်းအားလည်းကောင်း၊ ငုံး ၅၆၀၆ ကောင်သေဆုံးပြီး ငုံးကောင်ရေ ၃ ဒသမ ၂ သိန်းအားလည်းကောင်း ဖျက်ဆီးခဲ့သည်။ ကြက်ဥလုံးရေ တစ်သိန်းခန့်နှင့် ငုံးဥလုံးရေ ၀ ဒသမ ၈ သိန်းခန့်ကိုလည်း ဖျက်ဆီးခဲ့သည်။ ရောဂါကျရောက်စဉ် ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ/ဘဲဥများနှင့် ကြက်မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်မှုကို ဟန့်တားခြင်း၊ မွေးမြူရေးခြံများအား ဇီဝလုံခြုံမှုမြှင့်တင်ခြင်း၊ ပြည်သူလူထု အသိပညာပေးခြင်း ဆောင်ရွက်ခဲ့သည်။ ဒေသအာဏာပိုင်၏ စီမံခန့်ခွဲမှုနှင့် ပံ့ပိုးမှုများအရ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သားငါးကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် မွေးမြူသူများပါ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ၂၀၀၆ ခုနှစ် ဧပြီ ၆ ရက်မှစ၍ အဆိုပါဒေသများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှုမရှိရန် ထိန်းချုပ်နိုင်ခဲ့သည်။

ဖြတ်သန်းသယ်ယူပို့ဆောင်မှု

ရောဂါကျရောက်ဖြစ်ပွားစဉ်ကာလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်သည့် မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး ကော်မတီက ကြက်၊ ဘဲ၊ ကြက်ဥ/ဘဲဥ ရောင်းဝယ်ဖောက်ကားခြင်းကို ယာယီပိတ်ပင်ခဲ့သည်။ ထိုနည်းတူ ရောဂါကင်းရှင်းသည့် ပြည်နယ်/တိုင်းများအနေဖြင့်လည်း ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် ကြက်၊ ဘဲ၊ ကြက်ဥ/ဘဲဥ အဝင်/အထွက်များကို သက်ဆိုင်ရာ ရောဂါထိန်းချုပ်ရေး ကော်မတီများက ယာယီပိတ်ပင်တားမြစ်ခဲ့သည်။ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှုမှာ၂၂-၄-၂၀၀၆ ရက်အထိ မြို့နယ်များ၌ အနည်းဆုံး ၁၅ရက်၊ အများဆုံး ၂၉ ရက်ရှိပြီဖြစ်သဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကန့်သတ်ထိန်းချုပ်နယ်မြေများကို ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီမှ ဧပြီလမကုန်မီ ပြန်လည်ရုပ်သိမ်း၍ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်လာရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်

ကြက်၊ ဘဲ၊ ငုံးနှင့် ကြက်ဥ/ဘဲဥများ ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်သည့်လုပ်ငန်းများ အဆင်ပြေစေရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖြတ်သန်းသယ်ဆောင်သည့် ကျန်းမာလတ်ဆတ်သော ကြက်၊ ဘဲနှင့် ကြက်၊ ဘဲထွက်ပစ္စည်းများအတွက် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ပါအရ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သက်ဆိုင်ရာ ဒေသရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများနှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်များအရ စိစစ်လက်ခံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရောဂါကျရောက်ဖြစ်ပွားခဲ့သည့် နယ်မြေရှိ မွေးမြူရေးကြက်ခြံများကို ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ ကျန်ရှိသည့် မွေးမြူရေးကြက်ခြံများကို ရောဂါစူးစမ်းရှာဖွေမှုများပြုလုပ်ခြင်း၊ ပြည်သူလူထုပညာပေးခြင်းနှင့် သတင်းထုတ်ပြန်ပေးခြင်းများကို တိုးတက်ဆောင်ရွက်လျက်ရှိသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်စဉ်ကာလအတွင်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဒေသညှိနှိုင်းရေးမှူး Dr. K. Wantanee ၊ ရောဂါပျံ့နှံ့စူးစမ်းလေ့လာရေး ကျွမ်းကျင်သူပညာရှင် Dr. Parasit၊ အမေရိကန်နိုင်ငံ USAIDမှ အကြံပေး ပုဂ္ဂိုလ် Dr. J. Mac Arthur၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးရေး ကျွမ်းကျင်သူ ပညာရှင် Dr. Sudarat တို့နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ FAO ရုံးချုပ်မှ တိရစ္ဆာန်ရောဂါပျံ့နှံ့မှု လေ့လာရေး ကျွမ်းကျင်သူပညာရှင် ဗြိတိသျှလူမျိုး Mr. Anthony Williams သည် နှစ်လတာကာလအထိလည်းကောင်း၊ ရောဂါရှာဖွေစစ်ဆေးရေး ဓာတ်ခွဲခန်းဆိုင်ရာ ကျွမ်းကျင်သူ ဩစတြေးလျနိုင်ငံမှ Mr. Harvey Westbury သည် တစ်လတာကာလအထိလည်းကောင်း၊ ပညာရှင်နှစ်ဦးစလုံးအနေဖြင့် ၂၀၀၆ခုနှစ် ဧပြီလနောက်ဆုံးပတ်မှ စတင်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ်ရေး အရေးပေါ်ဆောင်ရွက်ရန် ပြင်ဆင်ထားသည့် စီမံချက်အပေါ် သက်ဆိုင်ရာဌာန၏ စွမ်းဆောင်နိုင်မှုအတိုင်းအတာတို့အရ ညှိနှိုင်းပေးသွားရန် အစီအစဉ်များပါရှိသည်။

အပြည်ပြည်ဆိုင်ရာအထောက်အပံ့

မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်စဉ်ကာလအတွင်း JICA, FAO၊ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ရှိ အမျိုးသားတိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း (NIAH)နှင့် ထိုင်းနိုင်ငံ မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးမှုဌာနတို့မှ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအတွက် ထောက်ပံ့ပြီး ထောက်ပံ့ဆဲအရ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သိန်း လက်ခံရရှိခဲ့သည်။ ၎င်းအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ လုပ်ငန်းသုံးပစ္စည်းများအတွက် RMB Yuan တစ်သန်းပံ့ပိုးရန် သတ်မှတ်၍ ပံ့ပိုးထားရှိသည်။ ဂျပန်နိုင်ငံအစိုးရမှ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ဆေးဝါးများ၊ ပြည်သူလူထုပညာပေးရေး လုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အပါအဝင် ထောက်ပံ့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၁သန်းကို ယူနီဆက်မှတစ်ဆင့် ပံ့ပိုးကူညီထားရှိပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ထိုင်းနိုင်ငံ အက်ခ်မက်ခ်အဖွဲ့ဥက္ကဋ္ဌက ပြောင်းအထွက်နှုန်းအကောင်းဆုံး ပထမဆုရ ဦးသိန်းဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စပ်မျိုးပြောင်း ရိတ်သိမ်းခြင်းအခမ်းအနား ရေလယ်သောင်ကျေးရွာ၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် စီပီရန်ကုန် ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသော ဆောင်းရာသီ စပ်မျိုးပြောင်းရိတ်သိမ်းပွဲ အခမ်းအနားကို ဧပြီ ၂၀ရက် နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ် ရေလယ်သောင်ကျေးရွာ၌ကျင်းပရာ ဟင်္သာတခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ACMECSဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံမှဧည့်သည်များ၊ ခရိုင်နှင့်မြို့နယ် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စီပီရန်ကုန် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဇလွန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ထိုင်းနိုင်ငံသံရုံး၊ ထိုင်းနိုင်ငံ ACMECS နှင့် လယ်ယာကိုင်းကျွန်း သီးနှံထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကာ ၂၀၀၅-၂၀၀၆ခုနှစ် ဆောင်းရာသီစိုက်ပျိုးချိန်တွင် မြန်မာတစ်နိုင်ငံလုံး စီပီ ၈၈၈ တစ်ဧကအထွက်အကောင်းဆုံး ၁၅၆တင်းဖြင့် ပထမဆုဆွတ်ခူးရရှိသူ ဇလွန်မြို့နယ် ရေလယ်သောင်ကျေးရွာမှ ပြောင်းတောင်သူ ဦးသိန်းဦးက စိုက်ပျိုးစနစ် အတွေ့အကြုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ၂၀၀၅-၂၀၀၆ခုနှစ် ဆောင်းရာသီစိုက်ပျိုးချိန်တွင် တစ်နိုင်ငံလုံး စီပီ ၈၈၈ စပ်မျိုးပြောင်းအထွက်နှုန်း အကောင်းဆုံးဆုရရှိကြသော တစ်ဧက ၁၅၆တင်းဖြင့် ပထမဆုရရှိသူ ဦးသိန်းဦး (ဇလွန်မြို့နယ် ရေလယ်သောင်ကျေးရွာ)၊ ၁၄၃တင်းဖြင့် ဒုတိယဆုရရှိသူ ဦးစံတာ (ကုန်းညောင်ကျေးရွာ၊ ကွမ်းလုံမြို့နယ်)၊ ၁၃၅တင်းဖြင့် တတိယဆုရရှိသူ ဦးကျော်လင်းဦး(လက်ပံပင်ရွာ၊ မြင်းခြံမြို့နယ်)တို့အား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။ ဆက်လက်၍ အဖူးချိုးပြိုင်ပွဲ ပထမဆုရ ဦးတင်ရှိန်နှင့်အဖွဲ့၊ ဒုတိယဆုရ ဦးဝင်းခိုင်နှင့်အဖွဲ့၊ တတိယဆုရ ဦးမောင်ဦးနှင့်အဖွဲ့၊ အစေ့ခြွေပြိုင်ပွဲ ပထမဆုရ မအိချိုနှင့်အဖွဲ့၊ ဒုတိယဆုရ မညိုနှင့်အဖွဲ့၊ တတိယဆုရ မဆုလှိုင်နှင့်အဖွဲ့၊ အဖူးလှုပြိုင်ပွဲ တစ်ပင်နှစ်ဖူးအောင် ပထမဆုရ ဦးစိန်ကုလား၊ ဒုတိယဆုရ ဦးလပြည့်၊ တတိယဆုရ ဦကရင်လေး၊ တစ်ပင် သုံးဖူးအောင် ပထမဆုရ ဦးဇော်နိုင်၊ ဒုတိယဆုရ ဦးသန့်ဇော်၊ တတိယဆုရ ဦးသိန်းလွင်၊ အဖူးလှ ၁၀ဖူးပြိုင်ပွဲ ပထမဆုရ ဒေါ်ဆန်းဝင်း၊ ဒုတိယဆုရ ဦးမောင်ဦးနှင့် တတိယဆုရ ဦးတင်ရှိန်တို့အား တာဝန်ရှိပုဂ္ဂိုလ်များက မျိုးစေ့ဆုများ ချီးမြှင့်ကြသည်။

စီပီရန်ကုန် ကုမ္ပဏီလီမိတက်သည် ယခုကဲ့သို့ ဆုချီးမြှင့်ပွဲများကို ၂၀၀၀ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပခဲ့ရာ ယခုအခမ်းအနားသည် (၄၂)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ (သတင်းစဉ်)

ကလေးဆေးရုံကြီးသို့ ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ဩစတြေးလျနိုင်ငံ The Rotary Club of Essendonမှ ရန်ကုန်ကလေးဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၃၄၅၀၀ တန်ဖိုးရှိ Medical Equipments လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် The Rotary Club of Essendon (Australia)မှ ဥက္ကဋ္ဌ Mrs. Shirley Kukk က Medical Equipments လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာဦးဝင်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **(ယာပုံ)** ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကလေးဆေးရုံကြီး)

ပေးအပ်

၁၉၈၅-၁၉၉၃ ပညာသင်နှစ် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ အင်းလျားကန်ရှိ ရွှေရှမ်းကန်၌ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ကြပြီး ကန်တော့ပစ္စည်း ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်မြို့ ဒဂုံအရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက် သစ်တော (၂)လမ်းနေ ဦးနေဝင်း(လျှမ်းထက်ခိုင် ကျောက်မျက်ကုမ္ပဏီ၊ အုပ်ချုပ်မှုဒါရိုက်တာ)၏ နှစ်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုလျာထားချက် ပြည့်မီအောင်မြင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မိုးစပါးတိုးချဲ့စိုက်ပျိုးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

* စာမျက်နှာ ၉ မှ

ဇယားများပြုစုပြီး စောင့်ကြည့်ထိန်းသိမ်း ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးကို လစာများ ထိုက်တန်စွာ တိုးမြှင့်ပေးခဲ့ပြီးဖြစ်သဖြင့် ဝန်ထမ်းဖွဲ့စည်းပုံကို ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့စည်းပြီး အရည်အချင်း ကောင်းကောင်း၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် အလုပ်ကိုတိုးတက် လုပ်ဆောင်ကြရန်၊ လုပ်ငန်းတိုင်း၌ အလေအလွင့်မရှိအောင် ထိန်းသိမ်း ဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။

စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝန်း၌ မြေအောက်သယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တဖြည်းဖြည်းချင်း လျော့နည်းလာသည့် အခြေအနေ ဖြစ်နေရာ တိုးတက်ထုတ်လုပ်နိုင်သည့် ဇီဝလောင်စာ ဘက်ကို အာရုံစူးစိုက်လာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများစွာ ကျန်ရှိနေသေးရာ အကျိုးရှိအောင် တိုးတက်ထုတ်လုပ်နိုင်ရေးနှင့်အခြားတစ်ဖက်တွင် ဒီဇယ်အစားထိုး ဇီဝဒီဇယ် ဖြစ်သည့် ကြက်ဆူဆီအပြင် ကြံနှင့်ပီလောပီနံတို့မှ ထုတ်လုပ်သည့် အီသနောတို့ကို စမ်းသပ်ထုတ်လုပ်ရန် စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၂) ရေနံချက် စက်ရုံ (ချောက်)၏ ဖယောင်းတိုင် ထုတ်လုပ်ရေးဌာနရှိ ရေနံထွက်ပစ္စည်းဖယောင်းတိုင် ထုတ်လုပ်မှုနှင့်ထုပ်ပိုးမှု လုပ်ငန်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေနံထွက်ပစ္စည်းဖယောင်းပြား ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး ဖယောင်းပြားများ ထုတ်လုပ်နေမှု၊ ချောက်မြို့နှင့်မန္တလေးမြို့တို့ရှိ ဖယောင်းတိုင်စက်ရုံများသို့တင်ပို့ရန်အတွက် ဖယောင်းပြား ထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်ဖြင့် စလေမြို့သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ဓာတ်မြေသြဇာ စက်ရုံ (စလေ)သို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် စက်ရုံရှင်းလင်းခန်းမ၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး(စီမံ) ဦးသောင်းမြင့်က စက်ရုံ၏ သမိုင်းအကျဉ်းနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်ရုံမွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်နေမှု အခြေအနေ၊ ဓာတ်မြေသြဇာ စက်ရုံများမှ တစ်နှစ်တန်ချိန် ၃ဒသမ ၅ သိန်း ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံများအဆင့်မြှင့်တင်ရေးလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ထားရှိမှုနှင့် တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဓာတ်မြေသြဇာစက်ရုံများ၏ နှစ်အလိုက် ကုန်ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လျှပ်စစ်ဓာတ်အားပေး စက်ရုံများအတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် မြန်မာပညာရှင်များ၏ နည်းပညာ စွမ်းအား၊ နိုင်ငံအတွင်းရှိ အစိုးရနှင့်ပုဂ္ဂလိကပိုင် စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၏ စွမ်းအားတို့ ပေါင်းစပ်ပြီး စလေဓာတ်မြေသြဇာ စက်ရုံကဲ့သို့သော စက်ရုံကြီးများ၏ အပိုပစ္စည်းများထုတ်လုပ်မှု၊ ပြုပြင်မွမ်းမံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်နေသည်ကိုတွေ့ရကြောင်း၊ အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားဖို့လိုကြောင်း၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်မှုအပြင် လုပ်သားအင်အား စီမံခန့်ခွဲမှု၊ လုပ်အားစွမ်းရည် စီမံခန့်ခွဲမှုတို့ ကောင်းမွန်မှသာ စက်ရုံ၏ အရည်အသွေးတိုးတက်မှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဓာတ်မြေသြဇာစက်ရုံ(စလေ)၏ အိတ်သွတ်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဓာတ်မြေသြဇာ သိုလှောင်ရုံအတွင်း ယူရီးယားဓာတ်မြေသြဇာများ စုဆောင်းသိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဥမင်ကိုးပေါက်မြစ်ရေတင်စီမံကိန်း

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နွေစပါးလျာထားဧက ၁၀၀၀တွင် လျာထားချက် ကျော်လွန်၍ ၁၀၁၅ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ၂၀၀၆ ခုနှစ် မိုးစပါးတိုးချဲ့ဧက ၃၅၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြစ်ရေတင်လုပ်ငန်း စီမံကိန်း၏ ပန့်မော်တာ၊ ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် ဧရာဝတီမြစ်ရေ၏ မြစ်ရေစီးဆင်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက မိုးစပါးဧက ၃၅၀၀ တိုးချဲ့စိုက်ပျိုးသွားမည့် အစီအမံများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ပင်မမြောင်း လျာထားပေ ၂၆၃၅၀တွင် ရာခိုင်နှုန်းပြည့် တူးဖော်ဆောင်ရွက်ပြီးစီးမှုနှင့် အဆိုပါ ပင်မမြောင်း ပေ ၂၆၃၅၀ တွင် အုတ်လိုင်နင်ပေ ၁၂၃၅၀ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လက်တံမြောင်းပေ ၆၈၉၀၀ကို ရာခိုင်နှုန်း ပြည့် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြ ကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေ ပေးဝေ

ထို့နောက် ဝန်ကြီးချုပ်က မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုလျာထားချက် ပြည့်မီအောင်မြင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင် အနီးရှိ ရေငြိမ်ကန်အတွင်းမှ ပင်မမြောင်းအတွင်း စိုက်ပျိုးရေ ဖြန့်ဝေပေးမှု အခြေအနေ၊ ဥမင်ကိုးပေါက် ပင်မမြောင်းမှ လက်တံမြောင်း အတွင်း စိုက်ပျိုးရေ ပေးဝေမှုအခြေအနေနှင့် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်မြို့တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

☆ **စက်ရုံများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် မြန်မာပညာရှင်များ၏ နည်းပညာ စွမ်းအား၊ နိုင်ငံအတွင်းရှိ အစိုးရနှင့်ပုဂ္ဂလိကပိုင် စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၏ စွမ်းအားတို့ပေါင်းစပ်ပြီး စလေဓာတ်မြေသြဇာစက်ရုံကဲ့သို့သော စက်ရုံကြီးများ၏ အပိုပစ္စည်းများ ထုတ်လုပ်မှု၊ ပြုပြင်မွမ်းမံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်နေသည်ကို တွေ့ရကြောင်း၊**

☆ **အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားဖို့လိုကြောင်း၊**

☆ **စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်မှုအပြင် လုပ်သားအင်အား စီမံခန့်ခွဲမှု၊ လုပ်အားစွမ်းရည် စီမံခန့်ခွဲမှုတို့ ကောင်းမွန်မှသာ စက်ရုံ၏ အရည်အသွေးတိုးတက်မှာဖြစ်၊**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၆ (အင်္ဂါနေ့)

၁၃၆၈ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်(၁၃)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၅	၈။	မန်းချောင်းတံတား
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let’s Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English For Everyday Use.
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅း၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၁၀	၆။	ခံစားနားဆင်တေးဇာတ်ဝင်
၅း၂၀	၇။	**“နင်းကြည့်စမ်းပါ” (မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၅း၂၅	၈။	မြို့ပြနှင့်ကျေးလက် ခေတ်မီဖွံ့ဖြိုးတိုးတက်(ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေး)
၅း၃၅	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	ကြေးမုံရိပ်သွင်တေးနှယဉ်
၆း၅၀	၁၃။	မြန်မာမှုပန်းဆယ်မျိုး(ပန်းပွတ်)
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာနုနု” (အပိုင်း–၆)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ “အိပ်မက်ကမ္ဘာ” (အပိုင်း–၈)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စက်ရုံ၊ အလုပ်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့ နံနက် ၇နာရီ မိနစ် ၅၀ တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ အုတ်ဖိုစုဘူတာသို့ ရောက်ရှိလာရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးအား မြန်မာ့မီးရထား တိုင်း အမှတ်(၇)မှ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးဌေးအောင်က အုတ်ဖိုစုမှ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့် ပတ်သက်၍ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး အုတ်ဖိုစုဘူတာဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဌာနဆိုင်ရာများ၊ တိုင်း အမှတ်(၇)မှ တိုင်းအရာရှိများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်ဘူတာ ဆောက်လုပ်လျက်ရှိသော လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းပြင်စက်ရုံ မလွှကုန်းသို့ရောက်ရှိရာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်)ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက စက်ရုံအတွင်းရှိ စက်ခေါင်းများ ပြုပြင် ဆောင်ရွက်မှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံ၏ ရှင်းလင်းဆောင်၌ ဝန်ကြီးက မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ပြီး လုပ်ငန်းများကို စွမ်းဆောင်ရည်တိုးတက် မြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့မီးရထားတွဲပြင် အလုပ်ရုံ/မလွှကုန်းသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံမှ မှာယူရောက်ရှိခဲ့သော Rail Bus ရထားစက်ခေါင်းများအနက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး ရထားလမ်းပိုင်းတို့၌ ပြေးဆွဲပေးရန် မွမ်းမံပြင်ဆင်လျက်ရှိသော Rail Bus ရထားစက်ခေါင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြန်မာ့မီးရထားတွဲပြင် အလုပ်ရုံ (မလွှကုန်း)ရှိ ဂျပန်နိုင်ငံမှ မှာယူရောက်ရှိခဲ့သော Rail Bus ရထားစက်ခေါင်းများ မွမ်းမံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အကျဉ်းဦးစီးဌာန လုပ်ငန်းဆိုင်ရာများ စစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်းစိန် ဗဟိုအကျဉ်းထောင်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်းတို့မှ အရာရှိ၊ ဝန်ထမ်းနှင့် မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဧပြီ ၂၃ရက် နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အောင်မင်္ဂလာခန်းမသို့ ရောက်ရှိပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်းတို့မှ အရာရှိ၊ ဝန်ထမ်းနှင့် မိသားစုဝင်များ စုစုပေါင်း ၄၃၇ ဦးအား တွေ့ဆုံ၍ လုံခြုံရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို အသေးစိတ် ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးအား အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။ (သတင်းစဉ်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း အမှတ်စဉ်(၆/၂၀၀၆)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်သည်။

(သတင်းစဉ်)

တရုတ် ဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wong Xudong နှင့် အဖွဲ့ဝင်ကိုးဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၃ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။ ဝန်ကြီးနှင့် အဖွဲ့အား မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wong Xudong ဦးဆောင်သော အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော်ဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိကဆိုင်ရာများကို ကြည့်ရှုလေ့လာကြရာ စေတီတော်ဂေါပက အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

တည်ခင်းဧည့်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wong Xudong နှင့် အဖွဲ့အား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ညနေပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

အဆိုပါ ညစာစားပွဲသို့ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်း၊ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် နှင့် ဧည့်သည်တော်ဝန်ကြီး H.E Mr. Wang Xudong တို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု လိုက်ပါလျက် ယနေ့တွင် နေပြည်တော်မြို့တော်သို့ ရောက်ရှိပြီး မွန်းလွဲ ၂နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးရုံး၊ အဆောက်အအုံ အမှတ် (၂) ဝန်ကြီး၏ ဧည့်ခန်းသို့ ရောက်ရှိ၍ ဝန်ကြီးအား တွေ့ဆုံနှုတ်ဆက်သည်။ ထိုသို့တွေ့ဆုံရာတွင် မဲခေါင်ဒေသ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး အမြန်ဆက်ကြောင်းကြီး (မြန်မာနိုင်ငံအပိုင်း) ဆိုင်ရာ လုပ်ငန်းကိစ္စများနှင့် နှစ်နိုင်ငံသတင်းဆက်သွယ်ရေး နည်းပညာရပ်များ ပူးပေါင်း မြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ မြန်မာနိုင်ငံဆက်သွယ်ရေး စီမံကိန်း ဆောင်ရွက်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲကို ဆက်လက်ကျင်းပသည်။ မြန်မာနိုင်ငံ ဆက်သွယ်ရေးစီမံကိန်း ဆောင်ရွက်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Alcatel Shanghai Bell Co.,Ltd. ဒုတိယဥက္ကဋ္ဌ (Vice President) Ms. Niu Yuhong တို့ လက်မှတ်ရေးထိုးကြသည်။

တက်ရောက်အားပေး

အဆိုပါ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong တို့ တက်ရောက်အားပေးကြသည်။ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ မြန်မာနိုင်ငံ ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ Alcatel Shanghai Bell Co., Ltd. မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong နှင့် အဖွဲ့ဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ ရောက်ရှိ

ရန်ကုန် ဧပြီ ၂၄

တရားသူကြီးချုပ် ဦးအောင်တိုး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ အလည်အပတ်ခရီး လာရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr Vyacheslav M. Lebedev နှင့် အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ အလည်အပတ်ခရီး လာရောက်သည့် ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev နှင့် အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E Oleg V. Kabanov နှင့် တရားရုံးချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အောင်စကြာအရှင်စန္ဒသိရီ၏ တရားပွဲ

ရန်ကုန် ဧပြီ ၂၄

သာကေတမြို့ အောင်စကြာ မိုးကုတ်ရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အရှင်စန္ဒသိရီ(ဓမ္မာစရိယ) အရှင်သူမြတ်သည် ဧပြီ ၂၆ရက်မှ ၃၀ရက်အထိ သာစည်မြို့ ဘုရားကြီးကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ (၄၃၉)၌ လည်းကောင်း၊ မေ ၂ ရက်မှ ၄ ရက်အထိ ရန်ကင်း အမှတ်(၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌လည်းကောင်း၊ မေ ၉ရက်တွင် သာကေတမြို့ အမှတ်(၃) ရန်ပြေရပ်ကွက် မာဃဆွမ်းလောင်းဓမ္မာရုံ၌လည်းကောင်း၊ မေ ၁၀ရက်မှ ၁၄ရက်အထိ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၄–၂၀၀၆ (အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ အောင်မြေရွှေဘိုမြို့ အပိုင်း(၂)
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၅ သိမ်းဆည်းထာဝစဉ် မညှိုးပန်းအသွင်
- ၇:၅၀ တေးဂီတအစီအစဉ်
- ၇:၅၅ Sunday Talk
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ မိုးလေဝသခန့်မှန်းချက်
- ၉:၀၀ ကောင်းခြင်းဝေဖြာ (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး)[ဒါရိုက်တာ–ကိုအောင်မိုး(ပဲရစ်)]
- ၉:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ သံချည်သံကွေးအတတ်ပညာ (အပိုင်း–၁)
- ၉:၄၀ Celebrity Profile–ဝင်းဦး (ဒေါက်တာဇော်သန်း၊ သန်းမြတ်စိုး၊ စန္ဒရားမျိုးနိုင်)
- ၁၀:၂၅ မြန်မာစာ၊ မြန်မာစကား(၄)
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၀ လှည်းကူးမြို့နယ် ကျွန်းအထူးစိုက်ခင်းလုပ်ငန်း
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ We Are The Future (ကလေးပန်းချီပြပွဲ)
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၀ အင်္ဂတိုသုတေသနနှင့် မျိုးပွားခြ
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ(၃)ကြိမ်ဆက် တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champions League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၁:၀၀ Villarreal - Arsenal

လိုင်း 5-Sports (Live)

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ငွေစံပယ်လမ်းနေ ဒေါ်ခင်စိုးရီ မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် အမှုဆောင် ဦးအောင်စိုးတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် အောင်ပွဲသစ်

ပြည်ပအားကစားသတင်းများ

ဝက်(စ်)ဟမ်းက မစ်ဒယ်ဘရော့ကို အနိုင်ရ အက်ဖ်အေဖလား ဖိုင်နယ်ပွဲသို့တက်

လန်ဒန် ဧပြီ ၂၄

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ဝက်(စ်)ဟမ်း ယူနိုက်တက်အသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားရာတွင် ဝက်(စ်)ဟမ်းအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ဝက်(စ်)ဟမ်းအသင်းသည် လာမည့် လတွင် ကျင်းပမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗီလာပါ့ခ်ကွင်းတွင် ပွဲချိန် ၇၈မိနစ်၌ မာလွန်ဟဲဝုဒ်က ထိုးဖောက်မှုများနှင့်အတူ ဂိုးသွင်းနိုင်ခဲ့သည်။

ပထမပိုင်းတွင် မစ်ဒယ်ဘရော့အသင်းက ကစားကွက်အသာဖြင့် ကစားခဲ့ရာ စွဲငြိစရာကစားကွက်များကို တွေ့မြင်ခဲ့ကြရသည်။ သို့ရာတွင် ဂိုးသွင်းနိုင်ခြင်း မရှိခဲ့ပေ။

ဒုတိယပိုင်း စတင်ပြီးနောက်တွင် ဝက်(စ်)ဟမ်းဘောလုံးအသင်းသားများ ကစားဟန် ပြောင်းလာပြီး ပိုမိုထိုးဖောက်လာနိုင်သည်။ ယင်းနောက်တွင် ဟဲဝုဒ်၏ ဂိုးဖြင့် ဝက်(စ်)ဟမ်းအသင်း အနိုင်ရရှိခဲ့သည်။

ဧပြီ ၂၃ ရက်က ဘာမင်ဂမ်ရှိ ဗီလာပါ့ခ်ကွင်းတွင် ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ မစ်ဒယ်ဘရော့အသင်းမှ ခရစ္စနစ်ဂေါ့(ဝဲ)က ဝက်(စ်)ဟမ်းအသင်းမှ မာလွန်ဟဲဝုဒ်ခြေထဲမှဘောလုံးကို ဖျက်ထုတ်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဝက်(စ်)ဟမ်းအသင်းသည် မေ ၁၃ရက်တွင် ကာဒစ်ဘောလုံးကွင်း၌ ကျင်းပမည့် ဗိုလ်လုပွဲတွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လီဗာပူးအသင်းသည် အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသည့် အကြိုဗိုလ်လုပွဲ၌ ချယ်လ်ဆီးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၂၂ ရက်က ဂျာမနီနိုင်ငံတောင်ပိုင်း မန်းဟိန်းမြို့တွင်ကျင်းပသော နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ် ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံလက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရရှိသော ဗလာဒီမီယာအား ၎င်း၏ အစ်ကို ဗစ်တယ်လီ ကလစ်ချ်ကိုက ပွဲအပြီးတွင် ဂုဏ်ပြုနှုတ်ဆက်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လင်းနော့လူးဝစ်နှင့် စိတ်မကျေပွဲ ထိုးသတ်ရန် ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း ကလစ်ချ်ကို ဆန္ဒရှိ

ဝါရှင်တန် ဧပြီ ၂၄

မိမိသည် လင်းနော့လူးဝစ်နှင့် တစ်ပွဲတစ်လမ်း ထိုးသတ်ရန် အာသီသဖြစ်မိကြောင်း၊ သို့ရာတွင် လင်းနော့လူးဝစ်ကိုယ်တိုင်က မိမိနှင့် တစ်ကျော့ပြန် ထိုးသတ်ရန် လိုလားရလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း ဗစ်တယ်လီကလစ်ချ်ကိုက ဧပြီ ၂၃ရက်တွင် ပြောကြားလိုက်သည်။

အရှုံးပေး

လင်းနော့လူးဝစ်သည် ၂၀၀၃ ခုနှစ်က လော့စ်အိန်ဂျလိစ်မြို့တွင် ကလစ်ချ်ကိုနှင့် နောက်ဆုံး ထိုးသတ်ခဲ့သည်။ ယင်းပွဲတွင် မျက်လုံးအထက်၌ ဒဏ်ရာအကြီးအကျယ် ရရှိသွားသော ကလစ်ချ်ကိုမှာ ဆဋ္ဌမအချီတွင် ဒိုင်ပွဲရပ်ဖြင့် လင်းနော့လူးဝစ်ကို အရှုံးပေးလိုက်ရသည်။

ကလစ်ချ်ကိုသည် ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရမှုအတွက် အငြင်းပွားခဲ့ပြီး ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)၏ ဟဲဗီးဝိတ်သရဖူကို ၎င်းသာပိုင်ဆိုင် ထိုက်သည်ဟု ထိုစဉ်က အခိုင်အမာပြောကြားခဲ့သည်။ ကလစ်ချ်ကိုသည် ယင်းလက်ဝှေ့ပွဲတွင် မျက်လုံးအထက်၌ အက်ကွဲကြောင်းဒဏ်ရာ မရရှိမီ လင်းနော့လူးဝစ်ထက် အမှတ်အသာ ရရှိထားခဲ့သည်။ အကယ်၍သာ ဆက်လက်ထိုးသတ်ခွင့်ရရှိမည်ဆိုပါက ၎င်းသာ အနိုင်ရလိမ့်မည်ဟု ကလစ်ချ်ကိုက ထင်မြင်ခဲ့သည်။

ယူကရိန်းလူမျိုး လက်ဝှေ့သမား ကလစ်ချ်ကိုသည် ဂျာမနီနိုင်ငံတောင်ပိုင်း မန်းဟိန်းမြို့တွင် စနေနေ့က ကျင်းပသည့် နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် (အိုင်ဘီအက်ဖ်) ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံ လက်ဝှေ့သရဖူလုပွဲကို ကြည့်ရှုပြီးနောက် လင်းနော့လူးဝစ်နှင့် တစ်ချီတစ်မောင်း ထိုးသတ်ရန် ဆန္ဒရှိပုံကို ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ အိုင်ဘီအက်ဖ် သရဖူလုပွဲတွင် ကလစ်ချ်ကို၏ညီဖြစ်သူ ဗလာဒီမီယာက ခရစ္စဘီးယတ်ကို သတ္တမအချီ၌ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာနက်

တာမွေ ကြီးပွားရေးဓမ္မာရုံ သီတဂူရေအလှူ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၄

တာမွေမြို့နယ်၊ တာမွေကြီး က/ဂရပ်ကွက်လုံးဆိုင်ရာ တာမွေ ကြီးပွားရေး ဓမ္မာရုံကြီး၏ ပထမအကြိမ် သီတဂူ ရေအလှူတော် အထူးတရားပွဲကို တာမွေမြို့နယ်၊ ၁၅၇လမ်း၊ အမှတ်(၂၄)ရှိ ယင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ရွှေလင်းယုန်ဆရာတော် အရှင်အရဝိန္ဒာဘိဝံသက လည်းကောင်း၊ ဧပြီ ၂၇ရက်(ကြာသပတေးနေ့)တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက လည်းကောင်း၊ ဧပြီ ၂၈ရက်(သောကြာနေ့) တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရက လည်းကောင်း ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ရှင်သာမဏေ ဓမ္မဗိမာန်အစည်းအဝေးနှင့် ပိဋကတ်တော် မြန်မာပြန်သင်တန်း

ရန်ကုန် ဧပြီ ၂၄

ရှင်သာမဏေ ဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့၏ ၂၀၀၅ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် စတုတ္ထအကြိမ် ပိဋကတ်တော် မြန်မာပြန်သင်တန်း အောင်လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ်အာဇာနည်လမ်း၊ ရှင်သာမဏေ ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ပြီး အသင်းသားများနှင့် ပိဋကတ်သင်တန်းအောင်မြင်သူများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

ထို့အပြင် ပဉ္စမအကြိမ်မြောက် နိကာယ်ငါးရပ် ပိဋကတ်တော် မြန်မာပြန်သင်တန်းကို မေ ၆ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ စတင်ကာ ပညာရှင်ဆရာကြီးကိုယ်တိုင် သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။ တက်ရောက်လိုသူများသည် ရှင်သာမဏေဓမ္မဗိမာန် ဖုန်း–၃၈၇၃၆၁ သို့ စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

လှူဒါန်း

အမှတ်(၈၆–အေ) သူရဿတီလမ်း ကမ္ဘာအေး မရမ်းကုန်းမြို့နယ်နေ နိုင်ညိမ်း–မိငွေကျင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တစ်နေ့ တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံ(ချောက်)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

- စွမ်းအင်ကဏ္ဍတွင် ကမ္ဘာနှင့်အဝန်း၌ မြေအောင်းသယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တဖြည်းဖြည်းချင်း လျော့နည်းလာသည့် အခြေအနေဖြစ်နေရာ တိုးတက်ထုတ်လုပ်နိုင်သည့် ဇီဝလောင်စာ ဘက်ကို အာရုံစူးစိုက်လာလျက်ရှိ၊
- မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ သယံဇာတများစွာ ကျန်ရှိနေ သေးရာ အကျိုးရှိအောင် တိုးတက် ထုတ်လုပ်၊
- အခြားတစ်ဖက်တွင် ဒီဇယ်အစားထိုး ဇီဝ ဒီဇယ်ဖြစ်သည့် ကြက်ဆူဆီအပြင် ကြံနှင့် ပီလောပီနံတို့မှ ထုတ်လုပ်သည့် အီသနော တို့ကိုစမ်းသပ်ထုတ်လုပ်ရန် စီမံဆောင်ရွက်။

ဝန်ကြီးဌာနအောက်ရှိ စက်ရုံအားလုံးပေါင်းစုရှိသော်လည်းကောင်း၊ စက်ရုံတစ်ရုံချင်းအတွက်သော်လည်းကောင်း အသုံးစရိတ်နှင့်ဝင်ငွေအချိုးကိုက်ညီအောင် စနစ်တကျ စာရင်းဇယားများပြုစုပြီး စောင့်ကြည့်ထိန်းသိမ်းဆောင်ရွက် ဝန်ထမ်းဖွဲ့စည်းပုံကို ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းပြီး အရည်အချင်းကောင်းကောင်းဖြင့် အလုပ်ကို တိုးတက်အောင်လုပ်

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၂၃ရက် နံနက် ၈နာရီတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်မြို့တော်မှ မကွေးတိုင်း ချောက်မြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ စလေတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- မီဒီယာများတွင် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနှင့် ပညာပေးမှုများ ပြုလုပ်ရာတွင် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် လူထုဆက်သွယ်ရေး လုပ်ငန်းပင်ဖြစ်သည်။ (ခေါင်းကြီး) စာမျက်နှာ-၂
- အကြောင်းပြချက်တစ်ခုကြောင့် တက်လာတဲ့ကုန်ဈေးနှုန်းဟာ အကြောင်းပြချက်ရှင်းပြီးတော့လည်း ဆက်မတက်တော့ဘဲ တန့်သွားတာပဲ တွေ့ရတယ်။ မူလဈေးနှုန်းကို ပြန်မကျဘဲ တက်ဈေးဟာ ကြမ်းခင်းဈေးဖြစ်သွားပါတယ်။

ခြင်ကျား(မအူပင်)၏ "နိုင်ငံတော်၏စေတနာကို ကောင်းမွန်မြင့်မြတ်သော စိတ်ထားဖြင့် တုံ့ပြန်ကြစေလို" (ဆောင်းပါး) စာမျက်နှာ-၃